မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိမြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၅၆)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်
၂၀၂၆ ခုနှစ်၊ ဧပြီ ၉ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**မိုခါမုန်တိုင်းအပါအဝင် နိုင်ငံတော်တွင်ကျရောက်ခဲ့သည့် သဘာဝဘေးအန္တရာယ်များ၏ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တပ်မတော်မှ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ပူးပေါင်းပါဝင်နိုင်ရေးစီစဉ်ဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်မှအဆင့်မြင့်အရာရှိကြီးများနှင့် အရာရှိများ၊ တပ်မတော်သားများအားလုံးကိုလည်း ကျေးဇူးတင်ဂုဏ်ပြု . . .**

**နေပြည်တော် ဧပြီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတက တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ☆**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ
နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား
ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဧပြီ ၉ ရက်)

### တပ်မတော်အတွက်ထာဝစဉ်မြဲမြဲဆောင်ရွက်နေမည့် စတုတ္ထမဏ္ဍိုင်

နိုင်ငံတိုင်းသည် မိမိနိုင်ငံကိုကာကွယ်စောင့်ရှောက်ရန်အတွက်တပ်မတော်ကိုဖွဲ့စည်းထားကြသည်။ မြန်မာနိုင်ငံသည်လည်း တပ်မတော်တစ်ရပ်ကိုဖွဲ့စည်းထားရှိသည်။ မြန်မာ့တပ်မတော်၏ ထူးခြားလေးနက်မှုမှာ မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူပေါ်ထွန်းလာခြင်းဖြစ်သည်။ တပ်မတော်သည် လွတ်လပ်ရေးနှင့်အတူ ပေါ်ထွန်းလာသကဲ့သို့ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင်လည်း ရရှိထားပြီးဖြစ်သည့် လွတ်လပ်ရေးပြန်လည်မဆုံးရှုံးစေရေးအတွက် အဓိကဦးစားပေးကာကွယ်စောင့်ရှောက်လျက်ရှိသည်။ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို အစဉ်တစိုက်ထမ်းဆောင်လျက်ရှိသည်။

အဆိုပါတာဝန်ကြီးသုံးရပ်ကို ထမ်းဆောင်လျက်ရှိရာတွင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့များ၏အခန်းကဏ္ဍမှာလည်း အလွန်ပင်အရေးပါလှသည်။ တပ်မတော်သားတိုင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းအားပြည့်ထမ်းဆောင်နိုင်ရန်အတွက် တိုက်ပွဲဝင်လိုစိတ်၊ ယုံကြည်ချက်၊ ခံယူချက်မြင့်မားခိုင်မာလာစေရန်၊ တပ်မတော်နှင့်ပြည်သူတစ်သားတည်းရှိနေစေရန်နှင့် ရန်သူ၏ခံယူချက်စိတ်များ၊ ယုံကြည်ချက်စိတ်များပျက်သုဉ်းစေရန်အတွက် စတုတ္ထင်္ဂ(စတုတ္ထစစ်လက်ရုံး)ဖြစ်သည့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့များအားဖွဲ့စည်းကြရသည်။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသည် စတုတ္ထစစ်လက်ရုံးဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက တပ်မတော်နှင့်အတူ စတင်သန္ဓေတည်ခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသည် ယခုအခါ (၇၉)နှစ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။ ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ စစ်ဘက်-နယ်ဘက်ဆက်ဆံရေးအထိ သက်ရောက်မှုရှိသည့်လုပ်ငန်းတစ်ရပ်ဖြစ်သည်။ စိတ်ဓာတ်စစ်ဆင်ရေးဟူသည် တပ်မတော်(ကြည်း၊ ရေ၊ လေ) အင်အားစုကြီးတစ်ခုလုံးကို စိတ်ဓာတ်ဖြင့်တည်ဆောက်ခြင်း၊ ပြည်သူကြားကမွေးဖွားလာသော တပ်မတော်နှင့်ပြည်သူကို တစ်သားတည်းဖြစ်စေခြင်းဆိုသည်အထိ စွမ်းပကားရှိသည်။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့များသည် တပ်ဖွဲ့၏ရည်မှန်းချက်တာဝန်များဖြစ်သည့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်း၊ စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်း၊ ပညာရေးလုပ်ငန်းနှင့် စည်းရုံးရေးလုပ်ငန်းများကို ကျေပွန်အောင်မြင်စွာထမ်းဆောင်နိုင်ရေးအတွက် မိမိတို့သိသင့်သိထိုက်သည့် အသိပညာများနှင့် တတ်ကျွမ်းရမည့်အတတ်ပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာနေကြရသည်။ နိုင်ငံတော်၏အမျိုးသားရေးမူဝါဒများကို လေးနက်စွာခံယူနားလည်ပြီး တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကိုပါ နိုင်ငံချစ်စိတ်ပိုမိုမြင့်မားလာစေရန်၊ အမျိုးသားရေးယုံကြည်ချက်၊ ခံယူချက်များပိုမိုတိုးတက်လာစေရန်တို့ကို တစိုက်မတ်မတ်ကြိုးပမ်းနေကြရသည်။

ထို့ပြင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်တွင် တာဝန်ထမ်းဆောင်နေကြသောအရာရှိ/စစ်သည်အဆင့်အတန်းအားလုံးသည် မိမိတို့၏ကိုယ်စီတာဝန်များကို ယုံကြည်ချက်၊ ခံယူချက်ခိုင်ခိုင်မာမာဖြင့် ဆောင်ရွက်နေကြသူများဖြစ်ကြသည်။ စိတ်ဓာတ်စစ်ဆင်ရေးသဘောတရားကို ကျွမ်းကျင်ပိုင်နိုင်စွာနားလည်ကြပြီး ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို ကိုယ်တိုင်ကိုယ်ကျလုပ်ကိုင်တတ်သူများဖြစ်သည်။ ဗဟုသုတပြည့်စုံကြွယ်ဝစေရေး ကမ္ဘာ့နိုင်ငံအသီးသီး၏ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးဖြစ်စဉ်များကို စဉ်ဆက်မပြတ်လေ့လာကြရသည်။ သို့မှသာ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းများကို အောင်မြင်စွာလုပ်ဆောင်နိုင်ကြမည်ဖြစ်သည်။ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုသည့်အတိုင်း မိမိတို့နှင့်သက်ဆိုင်ရာပညာရပ်များကို အစဉ်တိုးတက်မြင့်မားစေရန် လေ့လာလေ့ကျင့်ပြီး လက်တွေ့အသုံးပြုနေကြရသည်။ ထိုသို့လုပ်ဆောင်နိုင်ခြင်းကြောင့်လည်း ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းများအောင်မြင်နေခြင်းဖြစ်သည်။

အထက်ကပေးအပ်ထားသည့်တာဝန်များကိုထမ်းဆောင်ရာတွင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့ဝင်များ၏ပင်ကိုပါရမီနှင့် အသီးသီးသင်ကြားတတ်မြောက်ထားသည့် စာပေ၊ ဂီတ၊ အနုပညာ၊ မီဒီယာဆိုင်ရာအတတ်ပညာရပ်များဖြင့် တပ်မတော်သားများနှင့်တပ်မတော်သားမိသားစုများ၏ ပညာရည်မြင့်မားရေး၊ တပ်တွင်းစည်းလုံးညီညွတ်ရေး၊ ရှေ့တန်းရောက်တပ်မတော်သားများ၏ တိုက်ပွဲဝင်စိတ်ဓာတ်များရှင်သန်နိုးကြားစေရေးတို့အတွက်လည်း သမိုင်းအဆက်ဆက်မှ ယနေ့ထက်တိုင် ကျေပွန်စွာထမ်းဆောင်လျက်ရှိကြသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာမည့် မည်သည့်အန္တရာယ်မျိုးကိုမဆို ကာကွယ်နေချိန်တွင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့အနေဖြင့် တပ်မတော်မှအားကိုးရသည့်လက်ရုံးတပ်ဖွဲ့တစ်ခုဖြစ်စေရန် တပ်ဖွဲ့ဝင်တိုင်း၏ အသိပညာ၊ အတတ်ပညာစွမ်းပကားများကိုတိုးတက်အောင် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ကြိုးပမ်းဆောင်ရွက်နေကြမှသာ တပ်မတော်သည်လည်း အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီသည့်မျိုးချစ်တပ်မတော်အဖြစ် ထာဝစဉ်ရပ်တည်နေနိုင်မည်ဖြစ်သည်။ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့အနေဖြင့်လည်း ပေးအပ်လာသည့်တာဝန်များကို စေတနာမေတ္တာအပြည့်ဖြင့်ထမ်းဆောင်နေမည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ နွှေစပါးစိုက်ခင်းများအား ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဧပြီ ၈

နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်နှင့် အဖွဲ့ဝင်များသည် ဧပြီလ ၇ ရက်က ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းကျေးရွာရှိ ဦးမြင့်ရှိန်၏ ကွင်းအမှတ်(၁၈၁၃)ကွင်းအတွင်း၌ နွှေစပါးစိုက်ပျိုးထားမှုအပေါ် သွင်းအားစုမြေဩဇာကြဲပက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် နွှေစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေတို့အား ကွင်းဆင်းကြည့်ရှုသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က တောင်သူများအား စပါးနှင့်အခြားသီးနှံများအထွက်နှုန်းကောင်းမွန်စေရေး မြေပြုပြင်ခြင်းလုပ်ငန်းအား စနစ်တကျဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန်၍ ပန်းတိုင်အထွက်နှုန်းရရှိစေရေး နည်းစနစ်မှန်ကန်စွာဆက်လက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သဘာဝမြေဆွေးပုံများစနစ်တကျဆောင်ရွက်သွားရန်နှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများကောင်းမွန်အောင်ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ပူပြင်းခြောက်သွေ့သောနွေရာသီကာလရောက်ရှိပြီဖြစ်သည့်အတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းများဆောင်ရွက်ရန်မှာကြားပြီး Rice Export Zone ဆောင်ရွက်မည့်တောင်သူများအား စိုက်ပျိုးစရိတ်ပေးကြောင်းသိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

# ကျွန်းလှမြို့နယ်၌ မတ်ပဲစိုက်ခင်းများရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ကျွန်းလှ ဧပြီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သောမတ်ပဲစိုက်ခင်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် မတ်ပဲသီးနှံ ၁၁၇၂၈ ဧကအထိစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောမတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်၍ ရိတ်သိမ်းကြရာ ယနေ့အထိ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

"ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ မတ်ပဲသီးနှံ ၁၁၇၂၈ ဧကအထိပဲစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလည်း လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလည်း မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်" ဟု ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီကပြောသည်။

ကျွန်းလှမြို့နယ်၌ မတ်ပဲသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ကြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၉)

## MWD Variety Channel

၉-၄-၂၀၂၆(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၀ | လောကကိုအလှဆင် ပန်းတို့ဥယျာဉ် |
| ၂။ | ၁၁:၃၅ | ကဗျာအလှ ရသလွင်ပြင် |
| ၃။ | ၁၃:၄၀ | နိုင်ငံ့ရေးရာသမိုင်းထဲမှာအဖြေရှာ |
| ၄။ | ၂၀:၁၀ | ကွယ်လွန်ထင်ရှားအနုပညာရှင်များ (မောင်သိန်းဖေ) |

## သဇင်(FM)အသံလွှင့်အစီအစဉ်

၉-၄-၂၀၂၆(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင်မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အသင်း/အဖွဲ့များနှင့် ကော်မတီတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များထုတ်ပြန်

**နေပြည်တော် ဧပြီ ၈**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင်ကျင်းပသည့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ်ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာ-မွတ်စလင်စီးပွားရေးလုပ်ငန်းရှင်များအသင်း(MMBEA)၊ ရန်ကုန်တိုင်းဒေသကြီး ဇဖာရ်ရှားဂူဗိမာန်ကြီးကြပ်ရေးကော်မတီ၊ မြန်မာ တရုတ်ပူးပေါင်းဆက်ဆံရေးအသင်း(MCCCA)၊ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း(MDEA)၊ မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း၊ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ်(MCEF)နှင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းတို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုအောက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြော၍ ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း စသည်ဖြင့်ပါရှိကြောင်းသိရှိရသည်။ (၁၀၀)

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-မွတ်စလင်စီးပွားရေးလုပ်ငန်းရှင်များအသင်း(MMBEA)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

**ဇဖာရ်ရှားဂူဗိမာန်ကြီးကြပ်ရေးကော်မတီ**
**ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ တရုတ်ပူးပေါင်းဆက်ဆံရေးအသင်း(MCCCA)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် မြန်မာနိုင်ငံဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ ဝမ်းမြောက်ဂုဏ်ယူကြိုဆိုအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း (MDEA)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအတွက် မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်းက ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုအပ်ပါသည်။ နိုင်ငံတော်သမ္မတကြီးအနေဖြင့် မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၁၁)ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် (MCEF)က အထူးဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး နိုင်ငံတော်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် (MCEF)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၁၁)ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအသင်းများမှ ဝမ်းမြောက်ဂုဏ်ယူကြိုဆိုအပ်ပါသည်။

မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုးသယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်း**

# ရွှေကျင်မြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



**ရွှေကျင် ဧပြီ ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ရွှေကျင်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှကြီးမှူး၍ နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က မြို့နယ်စည်ပင်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေယျာဟိန်းက အမှာစကားပြောကြားရာ လူငယ်မောင်မယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး အားကစားအသိစိတ်ဓာတ် ပိုမိုသက်ဝင်ယုံကြည်လာခြင်းမှာလည်း တစ်မျိုးသားလုံး၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နွေရာသီအားကစားသင်တန်းများမှတစ်ဆင့် မျိုးဆက်သစ် အားကစားသမားများ ရှာဖွေဖော်ထုတ်လေ့ကျင့်ပေးပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအဖြစ်သို့ ပြုစုပျိုးထောင်လေ့ကျင့်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းများတွင် အေရိုးဗစ်၊ Physical Fitness Dance၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘောနှင့် ဘောလုံးအားကစားနည်းများကို သက်ဆိုင်ရာနည်းပြများက လက်တွေ့လေ့ကျင့်သင်ကြားပို့ချပြီး သင်တန်းသားများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေယျာဟိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မဒီဇော်၊ မြို့နယ်အားကစားမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်သည်။ သင်တန်းကာလမှာ မတ်လ ၂၀ ရက်မှ ဧပြီလ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားရာ သင်တန်းသား၊ သင်တန်းသူ ၇၀ ဦးတက်ရောက်ကြကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

# အရိပ်

မစန္ဒာ

**ယမန်နေ့မှအဆက်**

'မမကို မင်းသနားလား'

ထွန်းသည် မျက်ရည်ဝိုင်းသောမျက်လုံးများနှင့် သူ့ကိုစိုက်ကြည့်ရင်း ခေါင်းညိတ်ပြသည်။

'မင်းသနားရင် သူဘာခိုင်းခိုင်းလုပ်မပေးနဲ့'

'ဖေဖေကလည်းပြောတယ်၊ မမခိုင်းတာကိုလုပ်မပေးရဘူးတဲ့၊ မမလေ တံခါးကိုထုတယ်၊ မမအေးတင်ကို အော်ခေါ်တယ်၊ ဦးဆာမိကိုခေါ်တယ်၊ ထွန်းကိုခေါ်တယ်'

'မင်းသွားသလား'

'ဟင့်အင်း ငိုတယ်'

ထွန်းကရှိုက်လိုက်သည်။ ညီလင်းသည် ထွန်းကို သိုင်း၍ဖက်ကာ မျက်ရည်များသုတ်ပေးလိုက်သည်။ ထို့နောက် အသံတိမ်တိမ်ဖြင့်ပြောလေသည်။

'ကလေးရယ်၊ မင်းက ယောကျာ်းပဲ၊ ဘာလို့ငိုရမလဲ'

■ ■ ■ ■ ■

နွေသူရိန်က သူ့ခေါင်းကိုသူကုတ်သည်။

'ငါတော့ မိန်းမယူရမှာကြောက်နေတယ် ညီလင်း'

'ဘာလို့လဲ'

'ငွေ့လခလေးနဲ့ ဘယ်လိုလုပ်ပြီးသွားစားမလဲ'

'မင်း ဝါဝါခင်ရော'

'မနှစ်ကတည်းက ယူသွားပါပေါ့လား'

'မင်းနဲ့တော့မဟုတ်ဘူးပေါ့'

'သေချာတာပေါ့ကွာ'

ပေါက်ကျိုင်းက သူတို့နှစ်ဦးကိုကြည့်ကာ ရယ်လေသည်။ နွေသူရိန်က သူ့ကိုမကျေမနပ် လှမ်းပြောသည်။

'ဘာရယ်တာလဲဗျ၊ ခင်ဗျားက'

'ဟုတ်ပါဘူးကွာ၊ မိန်းမယူတယ်ဆိုတာ စဉ်းစားနေလို့မရဘူးကွ၊ စဉ်းစားလေ မယူဖြစ်လေပဲ'

'ကုန်ဈေးနှုန်းကြီးက ကျွန်တော့်ကို သရဲလိုခြောက်နေတာ'

'ဒါကြောင့် မစဉ်းစားနဲ့ပြောတာပေါ့၊ ငါတို့ကိုကြည့်ပါလား၊ ဘာမှ မစဉ်းစားဘူး၊ စွတ်ပြီးယူပစ်လိုက်တာ၊ အထိုက်အလျောက်တော့ဖြစ်သွားတာပဲ၊ ဟင်း စဉ်းများစဉ်းစားနေရင် ခုထိယူဖြစ်မှာမဟုတ်ဘူး၊ ခုတော့ ယူဖြစ်တဲ့အပြင် တစ်ယောက်နဲ့တစ်ဗိုက်အမြတ်ထွက်နေပြီ'

'ဟင်း နော်'

ဈေးမှ ပြန်လာသောကိုယ်ဝန်သည် အမာညိုက မျက်စောင်းလှမ်းထိုးသည်။ ညီလင်းသည် မျက်နှာပူပူနှင့် ရယ်နေလိုက်ရသည်။

တနင်္ဂနွေနေ့ဖြစ်သော်လည်း သူတို့အိမ်တွင် လူမစုံပေ။ လူကြီးသုံးဦးက မိုးညှင်းဝိပဿနာသို့သွားကြသည်။ ထို့ကြောင့် လူငယ်များချည်း ကျန်ခဲ့လေသည်။ ယမန်နေ့ကမူ ပြန်ရောက်ရောက်ချင်း ရေချိုးမိ၍ အပူလျှပ်သွားသည်ထင်သည်။ နှာစေးပြီးဖျားနေသောကြောင့် ညီလင်းသည် ဒီနေ့တစ်နေ့အလုပ်မဆင်းတော့ဘဲ အနားယူလိုက်ရသည်။

'ဘာဝယ်ခဲ့လဲ မမ'

'ပုစွန်ကျွားက နှစ်ဆယ်တဲ့၊ ကြက်သားက နှစ်ဆယ့်နှစ်တဲ့၊ ဆီကလည်း သုံးဆယ်ဈေးရှင့်'

'ဒီတော့ ဘာဝယ်ခဲ့လဲ'

'ပုစွန်သုံးဆယ်သားရယ်၊ ဆီလေးဆယ်သားရယ်၊ ချဉ်ပေါင်ငါးစည်းရယ်၊ ရုံးပတီသီး ဆယ်တောင့်ရယ်၊ ခရမ်းကြွပ်သီးခြောက်လုံးရယ်၊ အိုတို့တို့တိတိနဲ့ကုန်ရော၊ ဟနုမာန်က ပေါင်မုန့်စားချင်လို့မှာလိုက်တာတောင် ပိုက်ဆံမကျန်လို့ မဝယ်နိုင်တော့ဘူး'

**"ပေါက်ကျိုင်းက သူ့သားကိုဆွဲခေါ်လိုက်သည်။ ရှေ့တွင် ကော်ဖီပန်းကန်နှင့် ဘီစကွတ်မုန့်ကိုတွေ့သောအခါမှ ဟနုမာန်သည် သွားအကျဲသားနှင့်ပြုံးလာလေသည်။ သူသည် သူ့မိခင်အမာညိုထက် သူ့ဖခင်ပေါက်ကျိုင်းကို ပို၍ချစ်လေသည်။ အမာညိုသည် စိတ်မထင်လျှင်မထင်သလို ဆိုးခနဲဆတ်ခနဲ ရိုက်တတ်၊ ခေါက်တတ်သော်လည်း ပေါက်ကျိုင်းသည် သူ့သားကို လေသံမာမာပင် မပြောဖူးချေ . . ."**

အမာညို နောက်ဖေးချောင်သို့ဝင်သွားသောအခါ သူတို့သုံးဦးစလုံး လိုက်လာခဲ့ကြသည်။ နောက်ဖေးဘက်သည် ပို၍လင်းသောကြောင့် ကူစရာရှိသည်ကို ဝိုင်းကူရင်း စကားပြောကြရန်ဖြစ်သည်။

'ကော်ဖီမှုန့်ရှိခြင်း၊ သကြားရှိခြင်းနဲ့ နို့ဆီတစ်လုံးရှိနေခြင်း စတဲ့ ဂုဏ်အင်္ဂါများနဲ့ညီညွတ်နေလို့ ကော်ဖီတစ်ခွက်တော့သောက်ရမယ် နွေသူရိန်ရေ'

အမာညိုက ပြောသောအခါမှ ပေါက်ကျိုင်းက မတ်ခွက်ကိုလှမ်းယူကာ ကော်ဖီဖျော်လေသည်။ ခါတိုင်းနေ့များတွင်မူ သူတို့လူငယ်များက ထမင်းရည်ပင်သောက်ကြသည်။ လူကြီးသုံးဦးအတွက်သာ ကော်ဖီဖျော်လေ့ရှိလေသည်။

'ခင်ဗျားတို့ရုံးရော ကန်တော့ကြီးစောင်းမှာပဲလား ကိုပေါက်ကျိုင်း'

'အေးပေါ့၊ ကရဝိက်ကြီးပြီးမှ ပြောင်းရမှာ'

'ဘယ်တော့ပြီးမလဲ'

'နီးပါပြီ၊ မလှဘူးလား'

'သိပ်လှပါတယ်၊ သိပ်လည်းကုန်မှာပဲနော်'

'သိန်းနှစ်ရာကျော်ကုန်တယ်လို့ပြောတာပဲ၊ ပိုရင်လည်းပိုမှာပေါ့၊ အတိအကျတော့ ငါလည်းမပြောတတ်ဘူး'

'အားပါး၊ ဆေးရုံဆောက်ရင် ဆယ်လုံးလောက်ရမှာ'

'အောင်မာ အောင်မာ ဟနုမာန်မျောက်ကလေး၊ ပုစွန်ကိုများ အလကားနေရင်း မီးဖုတ်စားမလို့လား၊ နင့်အဖေနင့်အမေက ဇောတိက မဟုတ်ဘူးဟဲ့၊ ချ ချထား၊ တကတဲတော်၊ ဒါတွေဘယ်ကတတ်ထားတာလဲ'

အမာညိုသည် ဟနုမာန်၏လက်မှပုစွန်များကို ပြန်လည်လုယူလိုက်သည်။ ဟနုမာန်က ပေတေတေနှင့်နောက်တစ်ကောင်ထပ်နှိုက်သည်။ အမာညိုက ထပ်၍လုယူကာ ရိုက်တော့မလို လက်ရွယ်သောအခါ မကျေမနပ်နှင့်မဲ့လာလေသည်။

'လာ လာ သား၊ ဖေဖေ့ဆီလာ လာပါကွ၊ ကော်ဖီသောက်ရမယ်၊ ဒီနေ့ မင်းသောက်နေကျ ထမင်းရည်ကြီးခေါက်ထားလိုက်'

ပေါက်ကျိုင်းက သူ့သားကိုဆွဲခေါ်လိုက်သည်။ ရှေ့တွင် ကော်ဖီပန်းကန်နှင့် ဘီစကွတ်မုန့်ကိုတွေ့သောအခါမှ ဟနုမာန်သည် သွားအကျဲသားနှင့်ပြုံးလာလေသည်။ သူသည် သူ့မိခင်အမာညိုထက် သူ့ဖခင်ပေါက်ကျိုင်းကိုပို၍ချစ်လေသည်။ အမာညိုသည် စိတ်မထင်လျှင်မထင်သလို ဆိုးခနဲဆတ်ခနဲရိုက်တတ်၊ ခေါက်တတ်သော်လည်း ပေါက်ကျိုင်းသည် သူ့သားကို လေသံမာမာပင်မပြောဖူးချေ။

'ခင်ဗျားတို့တောင် ဒီလောက်ဖြစ်နေကြတာ၊ ကျွန်တော် မိန်းမ မယူရဲတာ ဆန်းသလား'

'ယူလိုက်ရင်လည်း အထိုက်အလျောက် ဖြစ်သွားမှာပါပဲကွာ'

'ဖြစ်မလားဗျ၊ တော်ကြာ မိန်းကလေးက မောင်ရယ် လေဟာပြင် ဘက်လမ်းလျှောက်ရအောင်ဆိုရင် ခက်မယ်၊ အစပဲရှိဦးမယ်၊ သူ့လုံချည် တစ်ဝတ်စာဝယ်ရင် လခပြုတ်ပြီပဲ၊ အဆုံးအထိဆက်လျှောက်မိရင်တော့ အဲဒီမိန်းမကို လေလံတင်ရောင်းရမှာပဲ'

'ဘာလို့လဲ'

'သူဝယ်ထားတဲ့မှောင်ခိုကြွေးတွေ ဆပ်ရအောင်လေ'

ညီလင်းက တသိမ့်သိမ့်ရယ်မိလေသည်။ နွေသူရိန်သည် ယခင်တုန်းကလို အနုအလှလေးတွေနှင့်ပျော်မွေ့မနေတော့ဘဲ လက်တွေ့ကျကျ တွေးတတ်၊ ပြောတတ်လာပြီဖြစ်သည်ဟုတွေးနေမိသည်။

'သက်သက်ကိုသာရအောင်ပိုးနိုင်ရင် မှောင်ခိုကြွေးမဆပ်ရဘူး သိလား၊ မိသက်က မှောင်ခိုမက်တဲ့မိန်းကလေးမဟုတ်ဘူး'

အမာညိုက အနိုင်ယူသောအသံနှင့်ပြောလေသည်။

'ရအောင်မပိုးနိုင်ခဲ့လို့ ခင်ဗျားအစ်ကိုနောက်ပါသွားတာပေါ့ဗျ'

အမာညိုသည် ပုစွန်များကိုအခွံခွာပြီးသောအခါ ဓားပါးလေးယူကာ ကျောဘက်မှချေးကြောင်းလေးများကို ခွဲထုတ်နေသည်။ ထို့နောက် သက်သက်ကို သတိရနေလေသည်။ သက်သက်ဆီမှ နောက်ဆုံးရသော စာထဲတွင် ပေါ်ဆန်းမွှေးတစ်အိတ်ပို့ပေးမည်ဟုပါသည်။ သို့သော် ဆန်သည် ကန့်သတ်ကုန်ဖြစ်နေ၍ သင်္ဘောတင်ခွင့်မရသေးသောကြောင့် ရောက်မလာပေ။ သူနှင့်သက်သက် နှစ်ဦးဆုံလျှင် 'နင်တို့ဆီမှာ ဆန် ဘယ်ဈေးလဲဟင်၊ ဆီကရောဘယ်ဈေးလဲ၊ ဝက် ဝမ်းပျဉ်းဆီဝယ်ပြီးဆီထုတ်ပါလား၊ ဝက်ဆီကဟင်းရွက်ကြော်ရင်ကောင်းတယ်၊ ဝက်ဆီဖတ်လည်း စားရတယ်'နှင့်ပင် ပြီးကြတော့သည်။ ဒါမှမဟုတ်လျှင် 'ဟနုမာန်တုန်းက ထိုင်ချင်ရင် ဝမ်းသွားသလား၊ စပ်စုမတော့ ဝမ်းလျှောနေတယ်ဟယ်၊ ငှက်ပျောသီးဖီးကြမ်းက မီးဖုတ်ကျွေးရင်ကောင်းမလား၊ အစိမ်းကောင်းလား၊ ငါက အစိမ်းတွေကျွေးမိလို့များ ဝမ်းသွားသလား မသိဘူး၊ မေမေကတော့ပြောတယ်၊ ကြက်သွန်ဖြူလေး မီးဖုတ်ကျွေးရင် ဝမ်းရပ်တယ်တဲ့'ဟူသော စကားများကိုသာ ပါးစပ်မပိတ်တမ်း ပြောမိကြလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

# တွံ့တေးမြို့နယ်၌ စာကြည့်တိုက်များရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်းဒေသကြီး တွံ့တေးခရိုင် တွံ့တေးမြို့နယ် စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီနှင့်ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်ကော်မတီဝင်များ စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီလ ၇ ရက်က မြို့နယ်ပြည်သူ့စာကြည့်တိုက်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှသိမ်း(မင်းသျှင်အောင် တွံ့တေး)၊ အဖွဲ့ဝင် ဦးလှမြင့်တို့က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် ဒေါ်ဖြူဖြူဝင်းက စာအုပ်စာပေ စုဆောင်းရေး၊ စာဖတ်ပရိသတ်များ စာပေဖတ်ရှုလေ့လာစေရေးတို့အတွက် ကျေးရွာပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ မြို့နယ်အတွင်းရှိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး၊ ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်စေလိုကြောင်း၊ စာကြည့်တိုက်ရေရှည်တည်တံ့ရေးနှင့် ခိုင်မာသောစာကြည့်တိုက်ကော်မတီတစ်ရပ် ပြန်လည်ဖွဲ့စည်းရေးနှင့် စာကြည့်တိုက်များအောင်မြင်လာစေရေးအတွက် စာကြည့်တိုက်လက်စွဲစာအုပ်ပါအတိုင်းလုပ်ငန်းများဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံ့တေး)**

# ပြည်ပနိုင်ငံသို့ မတ်လတစ်လတာကာလအတွင်း ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သိန်းသုံးသောင်းကျော်တင်ပို့ထား

ရန်ကုန် ဧပြီ ၈

ပြည်ပနိုင်ငံသို့ မတ်လတစ်လတာ ကာလအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့သည့် ကုမ္ပဏီ ၅၆ ခုမှ အမေရိကန်ဒေါ်လာ ၇၁ သန်းတန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲတန်ချိန် နှစ်သိန်းသုံးသောင်းကျော် တင်ပို့ထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

မြန်မာ့ဆန်နှင့်ဆန်ကွဲကို ပြည်ပနိုင်ငံများသို့ တင်ပို့ရာတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးမှ ၁၄၃၉၄၇ တန်နှင့် နယ်စပ်ကုန်သွယ်ရေးမှ ၉၀၇၄၃ တန် စုစုပေါင်း တန် ၂၃၄၆၉၀ တင်ပို့ခဲ့ခြင်းဖြစ်သည်။

မတ်လအတွင်း ပြည်ပသို့ ဆန်တင်ပို့ရာတွင် မဒါဂတ်စကာနိုင်ငံသို့ ၅၈၆၉၆ တန်ဖြင့် အများဆုံးတင်ပို့နိုင်ခဲ့ပြီး တရုတ်၊ စပိန်၊ ဖိလစ်ပိုင်နှင့် ပိုလန်နိုင်ငံတို့အပါအဝင် စုစုပေါင်း ၂၈ နိုင်ငံသို့ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ဆန်ကွဲကိုလည်း တရုတ်နိုင်ငံသို့ တန် ၇၃၉၂၀ ဖြင့် အများဆုံးတင်ပို့ထားကာ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ပိုလန်၊ စပိန်နှင့် ဗြိတိန်နိုင်ငံတို့အပါအဝင် စုစုပေါင်း ၁၂ နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း သိရသည်။

**ဝါဝါ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှား-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာ အီဗန် ပိုလီယာကော့ဗ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှား-အာဆီယံစီးပွားရေးကောင်စီဥက္ကဋ္ဌ မစ္စတာ အီဗန် ပိုလီယာကော့ဗ်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။**

**မော်စကိုမြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၆ ရက်**

**အဆွေတော်၊**
**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ ခေါင်းဆောင်မှုအတွေ့အကြုံများ၊ ကျွမ်းကျင်ပိုင်နိုင်မှုနှင့် ကိုယ်ရည်ကိုယ်သွေးပြည့်ဝမှုများဖြင့် မြန်မာနိုင်ငံတည်ငြိမ်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ကို အောင်မြင်စွာ ဦးဆောင်သွားနိုင်မည်ဟုယုံကြည်ပါသည်။

မြန်မာနိုင်ငံနှင့်ချစ်ကြည်ရင်းနှီးမှု၊ မိတ်ဖက်ဆက်ဆံရေးကို အခြေခံ၍ မိမိတို့အကြား ရှိရင်းစွဲသဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်သွားရန်နှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရေးဆောင်ရွက်သွားရန် ကတိကဝတ်ပြုပါသည်။

အဆွေတော် ကျန်းမာ၍ စွမ်းအားများပြည့်ဝပါစေကြောင်းနှင့် မြန်မာပြည်သူများ၏အကျိုးစီးပွားကို ဖော်ဆောင်ရာတွင် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ခင်မင်ရင်းနှီးစွာဖြင့်

**အီဗန် ပိုလီယာကော့ဗ်**
**ဥက္ကဋ္ဌ**
**ရုရှား-အာဆီယံစီးပွားရေးကောင်စီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရာကွန်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရာကွန်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။**

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**ဗန်ကောက်မြို့**
**ဧပြီလ ၇ ရက်၊ ဘီ.အီး. ၂၅၆၉(၂၀၂၆)**

**အဆွေတော်**
**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ**
**နေပြည်တော်**

အဆွေတော်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအပေါ် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြားတွင် အပြန်အလှန်လေးစားမှု၊ အကျိုးစီးပွားမျှဝေမှုနှင့် ပြည်သူနှစ်ရပ်အကြား ခိုင်မာသည့်ဆက်ဆံရေးတို့အပေါ်အခြေခံသည့် နီးကပ်သောချစ်ကြည်ရင်းနှီးမှုတို့ ကာလရှည်ကြာတည်ရှိခဲ့ပါသည်။

မိမိတို့နှစ်နိုင်ငံနှင့် ပြည်သူနှစ်ရပ်စလုံး၏ အပြန်အလှန်အကျိုးစီးပွားအတွက် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းမှုနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကြိုးပမ်းဆောင်ရွက်မှုများအား ထိုင်းနိုင်ငံအနေဖြင့် ပံ့ပိုးကူညီရန်အသင့်ရှိနေကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မိမိတို့နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်ခိုင်မာတိုးမြှင့်သွားမည်ဟုယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ထပ်လောင်းဖော်ပြအပ်ပါသည်။

**(အနုထင် ချာဝီရာကွန်)**
**ထိုင်းနိုင်ငံ၊ ဝန်ကြီးချုပ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင် E.D.Grigoriev ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

သို့

ဦးမင်းအောင်လှိုင်

သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လေးစားအပ်ပါသော အဆွေတော်သမ္မတကြီးခင်ဗျာ၊

အဆွေတော်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့၏ကိုယ်စား ဂုဏ်ပြုဝမ်းမြောက်ပါကြောင်း လေးစားစွာဖြင့် အကြောင်းကြားအပ်ပါသည်။

ပညာပြည့်ဝသည့်ခေါင်းဆောင်တစ်ဦးဖြစ်သည့် အဆွေတော်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်အုပ်ချုပ်ရေးနှင့် အချုပ်အခြာအာဏာခိုင်မြဲရေးတို့အတွက် ပြောင်မြောက်သည့် ဆောင်ရွက်ချက်များဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ယခုအခါ သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခံရခြင်းသည် အဆွေတော်၏စွမ်းဆောင်ရည်များအပေါ် ပြည်သူများမှထားရှိသည့် ခိုင်မာသောယုံကြည်မှုနှင့်လေးစားမှုတို့၏ သက်သေပင်ဖြစ်ပါသည်။

အဆွေတော်၏ မြန်မာပြည်သူများအတွက် နှစ်ရှည်လများ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည့် လုပ်ဆောင်ချက်များတွင်လည်း အရည်အချင်းပြည့်ဝမှုနှင့် စိတ်ဓာတ်စည်းကမ်းခိုင်မာမှုတို့ကို ပြသနိုင်ခဲ့ပါသည်။

စိန့်ပီတာစဘတ်မြို့အနေဖြင့် သမ္မတကြီး၏ကြိုးပမ်းအားထုတ်မှုကြောင့် သာယာလှပသောမြန်မာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး ပိုင်ဆိုင်ခွင့်ရရှိထားသည်ကို ဂုဏ်ယူမိပါသည်။ အဆွေတော်သမ္မတကြီးအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးခိုင်မာအားကောင်းလာစေရန် ကြိုးပမ်းဆောင်ရွက်ပေးမှုများအတွက်လည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံမှုများနှင့် အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးမှုများသည် ရုရှားနိုင်ငံနှင့်မြန်မာနိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ရန်နှင့် အနာဂတ်အောင်မြင်မှုများအတွက် အခြေခံအချက်ဖြစ်သည်ဟု ကျွန်ုပ်အနေဖြင့် ယုံကြည်ပါသည်။

သမ္မတကြီးအနေဖြင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပါစေကြောင်းနှင့် လုပ်ငန်းဆောင်တာများ၌ အောင်မြင်မှုများဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

**E.D.Grigoriev**
**ပြည်ပဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ၊ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်**

# ထန်းတပင်မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ရေကစားမဏ္ဍပ် ၆၀ ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဧပြီ ၈

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ဗဟိုရေကစားမဏ္ဍပ်တစ်ခု၊ ရေကစားမဏ္ဍပ်ငယ် ၅၉ ခု စုစုပေါင်း ရေကစားမဏ္ဍပ် ၆၀ ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ သိရသည်။

ထန်းတပင်မြို့နယ်အတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို ဗဟိုရေကစားမဏ္ဍပ်တစ်ခုနှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများ၌ ရေကစားမဏ္ဍပ်ငယ် ၅၉ ခုတို့ဖြင့်ဆင်နွှဲမည်ဖြစ်ပြီး အများပြည်သူများပျော်ရွှင်စေရေး လမ်းလျှောက်သင်္ကြန်ကို ဗိုလ်ချုပ်လမ်းမတစ်လျှောက်နှင့် ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် ဗဟိုရေကစားမဏ္ဍပ်၌ ယိမ်းအဖွဲ့များက နေ့စဉ်ကပြဖျော်ဖြေကြမည်ဖြစ်သည်။

ထို့ပြင် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲသူများနှင့် ရေကစားမဏ္ဍပ်တွင် လာရောက်ရေကစားကြသူများကိုလည်း စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ပြီး မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင်လည်း မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှဦးဆောင်၍ မြို့နယ်အတွင်း အန္တရာယ်ကင်းပရိတ်တရားတော်မြတ်ရွတ်ဖတ်ပူဇော်ပွဲများ၊ သက်ကြီးပူဇော်ပွဲများနှင့် ဇီဝိတဒါနငါးလွှတ်ပွဲများ ကျင်းပမည်ဖြစ်သည်။

အဆိုပါသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရေကစားမဏ္ဍပ်များကို မြို့နယ်အတွင်း တည်ဆောက်လျက်ရှိပြီး တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်း တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




စိတ်ဓာတ်ရေးရာနှင့်လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း ထူးချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုပေးအပ်ချီးမြှင့်စဉ်။




နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ထူးချွန်ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုပေးအပ်ချီးမြှင့်စဉ်။




နေပြည်တော် ဧပြီ ၈

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ စိတ်ဓာတ်ရေးရာနှင့်လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ရဲရင့်အောင်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ ထူးချွန်ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ စိတ်ဓာတ်ရေးရာနှင့်လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပပြုလုပ်ရာ မြဝတီ/ ငွေတာရီ/ သုတအလင်းမဂ္ဂဇင်း အကောင်းဆုံး ကာတွန်းဆု၊ ကဗျာဆု၊ ဆောင်းပါးဆု၊ ဝတ္ထုတိုဆုနှင့် ဝတ္ထုရှည်ဆု ရရှိကြသူများ၊ ပြည်တွင်း/ ပြည်ပပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုများကို တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များနှင့်မြဝတီစာပေတိုက်တို့တွင် (၁၀)နှစ်တိုင်တာဝန်ထမ်းဆောင်ခဲ့ကြသည့်ဝန်ထမ်းများနှင့် ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများကိုလည်းကောင်း။

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးက တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်များ၊ မြဝတီစာပေတိုက်နှင့် မြဝတီသတင်းစာတိုက်တို့မှ ထူးချွန်ဆုရ အရာရှိ၊ စစ်သည်၊ ဝန်ထမ်းများကိုလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ရဲရင့်အောင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုပေးအပ်ချီးမြှင့်စဉ်။

# သထုံမြို့နယ်အတွင်း အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းဆောင်ရွက်

သထုံ ဧပြီ ၈

မွန်ပြည်နယ် သထုံမြို့နယ်၌ နေ့အပူချိန်မြင့်မားနေသည့်အတွက် အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းကို ဧပြီလ ၈ ရက်တွင် သထုံမြို့ သုဝဏ္ဏဈေးအရှေ့ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမပေါ်၌ ဆောင်ရွက်သည်။

ထို့သို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုး၏ဦးဆောင်မှုဖြင့် သထုံခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ပူးပေါင်းကာ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမပေါ်၌ ခရီးသွားလာနေကြသည့် ပြည်သူများအား အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

အဆိုပါလက်ကမ်းစာစောင်တွင် အပူဒဏ်အန္တရာယ်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များ၊ သတိပြုရမည့်အပူဒဏ်အန္တရာယ်များ၊ အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများနှင့် အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာခံစားနေရသူအား အရေးပေါ်ရှေးဦးပြုစုခြင်းများ စသည်တို့ပါဝင်သည်။

သထုံမြို့နယ်အတွင်း နေ့အပူချိန်မြင့်မားနေသည့်ကာလတွင် အပူဒဏ်အန္တရာယ်ထိခိုက်ခံစားရသည့် လူနာများအား အချိန်နှင့်တစ်ပြေးညီ အရေးပေါ်ကုသနိုင်ရေးအတွက် သထုံခရိုင်ပြည်သူ့ဆေးရုံကြီး၌ စနစ်တကျပြင်ဆင်ထားရှိကြောင်း သိရသည်။

ချမ်းမြေ့



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၈

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့်ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့်ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

## ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေးအသိပေးနှိုးဆော်ချက်

၂၀၂၆ ခုနှစ် ရိုးရာအတာသင်္ကြန်ပွဲတော်တွင် မိဘပြည်သူများ ကျန်းမာရေးနှင့်အညီ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြနိုင်ရေးအတွက် အောက်ဖော်ပြပါ ကျန်းမာရေးအသိပေးချက်များကို သတိပြုလိုက်နာဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အပူဒဏ်အန္တရာယ်မှကာကွယ်ရန်အတွက် နေ့လယ်ပိုင်းနေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့်နေရာများတွင်နားနေပါ၊ အပြင်ထွက်ပါက (ထီး၊ ဦးထုပ်စသည်)တို့ကိုအသုံးပြုပါ၊ ရေဓာတ်ခန်းခြောက်မှုမှကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏသောက်ပါ၊ အရက်သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ် ပိုမိုပြင်းထန်စွာခံစားရနိုင်သည်ကို အထူးသတိပြုပါ၊

(ခ) ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကစားရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုနိုင်ရေးဆောင်ရွက်ပါ၊ ရေကစားရာတွင် အသုံးပြုသောရေကို သောက်ခြင်းမပြုသင့်ပါ၊ ရေကစားရာတွင် မျက်လုံး၊ နား၊ ပါးစပ်ထဲသို့ ရေများမဝင်အောင်သတိပြုပါ၊ ဖိအားမြင့် အားပြင်းသည့်ရေပန်းဖြင့် မျက်နှာကိုတိုက်ရိုက်ပက်ခြင်းမှရှောင်ကြဉ်ပါ၊

(ဂ) ထိခိုက်ဒဏ်ရာနှင့် မတော်တဆမှုများကာကွယ်ရန်အတွက် စိုစွတ်လျက်ရှိသောလမ်းများတွင် ချော်လဲနိုင်၍သတိထားပါ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပါ၊ အရက်သေစာသောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ၊

(ဃ) တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်ရန် လက်များကိုမကြာခဏဆေးကြောပါ၊ လတ်ဆတ်ပြီး သန့်ရှင်းသောအစားအစာများကိုသာစားသုံးပါ၊ အစားအသောက်ရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေးသတိပြုဆောင်ရွက်ပါ၊ အစားအစာများကို ယင်နားခြင်းနှင့် အခြားအညစ်အကြေးများမဝင်ရောက်နိုင်ရန် စနစ်တကျဖုံးအုပ်ပါ၊

(င) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာတစ်စုံတစ်ရာရရှိပါက နီးစပ်ရာကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆက်သွယ်၍ ဆေးကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## အသိပေးနှိုးဆော်ချက်

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် တန်ခူးလဆုတ် ၁၂ ရက်နေ့မှ ကဆုန်လဆန်း ၁ ရက်နေ့အထိ (၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ) မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပခြင်း၊ ရေကစားခြင်း၊ သင်္ကြန်ယိမ်းအကအလှဖျော်ဖြေခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်၍ မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိ လမ်းပိတ်ထားမည်ဖြစ်ရာ မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် လမ်းလွှဲများမှသွားလာမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပန်းချီ ကွန်ပျူတာ ဂီတာတီးသင်တန်းဆင်းပွဲကျင်းပ

ပဲခူး ဧပြီ ၈

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ တိုင်းဒေသကြီး လူငယ်စင်တာခန်းမ၌ ဧပြီလ ၇ ရက် နံနက်ပိုင်းတွင် ပန်းချီ၊ ကွန်ပျူတာ၊ ဂီတာတီးသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ဂီတာတီးသင်တန်းသား၊ သင်တန်းသူများက သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဆရာ၊ ဆရာမများအား ဂုဏ်ပြုလက်မှတ်များပေးအပ်သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပန်းချီ၊ ကွန်ပျူတာ၊ ဂီတာတီးသင်တန်းများသို့ တက်ရောက်ကြသည့် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ယင်းနောက် လူငယ်စင်တာ ကိုယ်ကာယလေ့ကျင့်ခန်း ကစားသည့်အဖွဲ့က သရုပ်ပြကစားပြီး သင်တန်းသား၊ သင်တန်းသူများက တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာကြသူများက ပန်းချီသင်တန်းသား၊ သင်တန်းသူများရေးဆွဲထားသည့် ပန်းချီပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ပန်းချီ၊ ကွန်ပျူတာ၊ ဂီတာတီးသင်တန်းတို့ကို ဇန်နဝါရီလ ၅ ရက်မှ ဧပြီလ ၆ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၅၆ ဦးတက်ရောက်သင်ကြားကြကြောင်း သိရသည်။ (၄၁၀)

## မင်းလှမြို့နယ်၌ နွေစပါး ၁၄၂၈၄ ဧက စိုက်ပျိုးပြီးစီး

မင်းလှ ဧပြီ ၈

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ကံတင်ဘီးလင်းဆည်၊ မင်းလှဆည်နှင့် မုက္ခာဆည်တို့မှရရှိသော စိုက်ပျိုးရေဖြင့် နွေစပါး ၁၄၂၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါနွေစပါးမျိုးများမှာ ရတနာတိုး ၁၇၃၁ ဧက၊ ရေဆင်းပေါ်ဆန်း-၁ ၁၅ဧက၊ ရေဆင်းပေါ်ဆန်း-၂ ၂၅ဧက၊ အောင်နိုင်တိုး ဧက၂၅၀၊ ထိုင်းနှံကောက် ၂၈၈၄ ဧက၊ ဗီယက်နမ် ၆၄၂၁ ဧက၊ ရက်ကိုးဆယ် ၂၉၀၈ ဧက၊ ရေအနည်းလို-၇ ဧက ၅၀ စပါးမျိုးတို့ဖြစ်သည်။



နွေစပါးကို ပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန် ထွက်ရှိရေးအတွက် စိုက်ပျိုးရေအဆက်မပြတ်ရရှိရေး၊ ဒေသခံ စိုက်ပျိုးရေးတောင်သူများကို စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးခြင်းတို့ကို မြို့နယ် စိုက်ပျိုး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air-FTA) ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel) တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၆ ခုနှစ် ဧပြီလအတွင်း နိုင်ငံတစ်ဝန်း၌ကျင်းပမည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၁၀-၄-၂၀၂၆)ရက် (သောကြာနေ့) ညတွင် သင်္ကြန်တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တီးဝိုင်း၏ တီးခတ်မှုနှင့်အတူ ပြင်ပရုပ်ရှင်သရုပ်ဆောင်/ရွှေကြိုးများနှင့် ဌာနအဆိုရှင်များစုပေါင်း၍ **"ခေတ်သစ်မြန်မာ နှစ်သစ်အတာ"** ပွဲစဉ်(၂) ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

**(၁၀-၄-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ "ခေတ်သစ်မြန်မာ နှစ်သစ်အတာ" ပွဲစဉ်(၂) တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၂)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | နှစ်သစ်မင်္ဂလာ | ပြင်ပအဆိုရှင် |
| ၂။ | အိပ်မက်စေတမန် | ပြင်ပအဆိုရှင် |
| ၃။ | ညိုမြ | ပြင်ပအဆိုရှင် |
| ၄။ | တုန်ချမ်းချမ်း တုန်ချမ်း | ပြင်ပအဆိုရှင် |
| ၅။ | မူယာကြော့ | ပြင်ပအဆိုရှင် |
| ၆။ | သင်္ကြန်လုလင် | ပြင်ပအဆိုရှင် |
| ၇။ | ပိတောက်လက်ဆောင် | ပြင်ပအဆိုရှင် |
| ၈။ | ရင်ထဲကမြို့မ | ပြင်ပအဆိုရှင် |
| ၉။ | တို့တစ်တွေမြူးမယ် | ပြင်ပအဆိုရှင် |
| ၁၀။ | နွေဦးကဗျာ | ပြင်ပအဆိုရှင် |
| ၁၁။ | ပိတောက်တစ်မျက်နှာ | ပြင်ပအဆိုရှင် |
| ၁၂။ | လက်ကလေးဆွဲထား | ဌာနအဆိုရှင် |

## ဆီထွက်သီးနှံ မိုးမြေပဲစိုက်ပျိုးရန် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်

ကျွန်းလှ ဧပြီ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံမျိုးစုံကို ရာသီအလိုက်စိုက်ပျိုးကြရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးမြေပဲစိုက်ပျိုးရန် ထယ်ရေး၊ ထွန်ရေးကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ဒီနှစ်မိုးရာသီ ဆီထွက်သီးနှံအဖြစ် မြေပဲ၊ နှမ်းနဲ့နေကြာသီးနှံများ စိုက်ပျိုးကြမှာဖြစ်ပါတယ်။ အရင်နှစ်က မိုးမြေပဲငါးဧက စိုက်ပျိုးခဲ့ပြီး တစ်ဧက တင်း ၄၀ ကျော် ထွက်ရှိခဲ့ပါတယ်။ အခုအခါ မိုးမြေပဲ စိုက်ပျိုးဖို့ ထယ်ရေး၊ ထွန်ရေးပြင်ဆင်နေကြပြီး မိုးရွာသွန်းတာနဲ့ စတင်စိုက်ပျိုးကြမှာဖြစ်ပါတယ်" ဟု ရှမ်းစုကျေးရွာမှ တောင်သူဦးသက်ဇော်ကပြောသည်။

အဆိုပါ မိုးမြေပဲစိုက်ပျိုးကြမည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရရှိရေးဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေးပညာပေးခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ပံ့ပိုးကူညီသွားမည်ဖြစ်သည်။

ကျွန်းလှမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စားဖိုဆောင်သီးနှံနှင့် အခြားသီးနှံမျိုးစုံ စိုက်ပျိုးကြမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**

## မြဝတီရုပ်မြင်သံကြား　၉-၄-၂၀၂၆(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ဝ၆:၀၃ | တရားတော် |
| ၂။ | ဝ၇:၁၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၃။ | ဝ၈:၄၀ | မောင်မယ်လေးများသိစေချင် |
| ၄။ | ၁၁:၂၅ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ |
| ၅။ | ၁၂:၄၀ | မွေးမြူသုတ |
| ၆။ | ၁၃:၅၀ | တစ်ချိန်ကသူတို့အကြောင်း |
| ၇။ | ၁၄:၅၅ | မှတ်သားလိုက်နာပုံပမာ |
| ၈။ | ၁၈:၁၀ | ပြည်သူ့ကြားက ပြည်သူ့စကား |

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး



တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပစဉ်။

နေပြည်တော် ဧပြီ ၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၃၇၂ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၆၈ ဦးတက်ရောက်သဖြင့်တက်ရောက်မှုရာခိုင်နှုန်း ၉၈ ဒသမ ၉၂ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြပြီး မှတ်တမ်းတင်ခြင်းကို ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ် မတ်လ ၁၆ ရက်မှစတင်ပြီး ယနေ့ပဉ္စမနေ့အထိ ကျင်းပခဲ့ပါကြောင်း၊ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကိုလည်း ၂၀၂၆ ခုနှစ် မတ်လ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ကျင်းပခဲ့ပါကြောင်း၊ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ချက်များအနေဖြင့် လွှတ်တော်အစည်းအဝေး ပထမနေ့တွင် သဘာပတိတင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်းတို့ကိုဆောင်ရွက်ခဲ့ပါကြောင်း၊ လွှတ်တော်အစည်းအဝေး ဒုတိယနေ့၊ တတိယနေ့နှင့် စတုတ္ထနေ့တို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဖွဲ့စည်းပြီးသည့်နေ့တွင် ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ) အရ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် ဖွဲ့စည်းခဲ့သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို လွှတ်တော်အခွင့်အရေးကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခဲ့ကြောင်း။

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌထံမှ မတ်လ ၁၇ ရက်တွင်ပေးပို့သော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီ ဥက္ကဋ္ဌထံမှ မတ်လ ၁၇ ရက်တွင် ပေးပို့သော ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌထံမှ မတ်လ ၁၉ ရက်တွင် ပေးပို့သော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနဝန်ကြီးထံမှ မတ်လ ၂၃ ရက်တွင် ပေးပို့သောဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ၊ ရုရှား-မြန်မာချစ်ကြည်ရေးအသင်းနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌထံမှ မတ်လ ၂၃ ရက်တွင်ပေးပို့လာသော ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်က မှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအစုအဖွဲ့က ဒုတိယသမ္မတတစ်ဦးကို ရွေးချယ်တင်မြှောက်ခဲ့ပြီး အမည်စာရင်းအား ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပေးပို့တင်ပြခဲ့ရာ ယခုဆိုလျှင်ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က ရွေးချယ်တင်မြှောက်ခဲ့သည့် ဒုတိယသမ္မတသည် နိုင်ငံတော်သမ္မတအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံထားရသူအနေဖြင့် တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း ဂုဏ်ယူဝမ်းမြောက်စွာပြောကြားလိုပါကြောင်း၊ တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ကာလအတွင်း လွှတ်တော်အစည်းအဝေးသို့ လေ့လာသူအဖြစ် နိုင်ငံရေးပါတီများမှ လာရောက်လေ့လာသူ ၂၁ ဦး၊ ပြည်သူလူထုလေ့လာသူ ငါးဦး လာရောက်လေ့လာခဲ့ကြပါကြောင်း။

မတ်လ ၁၆ ရက်ကစပြီး ဧပြီလ ၈ ရက်အထိ နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးနှင့် ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးများတွင် ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ခြင်းအပိုင်းနှင့်စပ်လျဉ်း၍ ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်များမှာ သဘာပတိတင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း၊ နိုင်ငံတော်သမ္မတ အရည်အချင်းစိစစ်ရေးအဖွဲ့တွင် ပါဝင်မည့်ရွေးကောက်ခံ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးရွေးချယ်ခြင်းနှင့် ဒုတိယသမ္မတ ရွေးချယ်တင်မြှောက်ခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း။

အတည်ပြုခြင်းအပိုင်းနှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သည့်ဆုံးဖြတ်ချက်များမှာ ဥပဒေကြမ်းကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့် စပ်လျဉ်း၍ တင်ပြချက်ကိုအတည်ပြုခြင်း၊ ပြည်သူ့ငွေစာရင်းကော်မတီဖွဲ့စည်းခြင်းနှင့်ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့် စပ်လျဉ်း၍ တင်ပြချက်ကို အတည်ပြုခြင်း၊ လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့် စပ်လျဉ်း၍ တင်ပြချက်ကို အတည်ပြုခြင်းနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးများနှင့်စပ်လျဉ်း၍ တင်ပြချက်ကို အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ပါကြောင်း။

ဖွဲ့စည်းခြင်းအပိုင်းနှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအနေဖြင့် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဖွဲ့စည်းခြင်းတို့ဖြစ်ပါကြောင်း။

မှတ်တမ်းတင်ခြင်းအပိုင်းနှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအနေဖြင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထနှင့် ပဉ္စမနေ့ အစည်းအဝေးများ တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့လာသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာငါးခုကို မှတ်တမ်းတင်ခြင်း၊ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေး ပထမနေ့နှင့် ဒုတိယနေ့အစည်းအဝေးများ တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း၊ တတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးကာလနှင့်ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေး ကျင်းပသည့်ရက်အတွင်း ဆောင်ရွက်ခဲ့သည့် ဖော်ပြပါ ဆောင်ရွက်ချက်များနှင့် ဆုံးဖြတ်ချက်များအား မှတ်တမ်းတင်ထားရှိပြီးဖြစ်ကြောင်း လွှတ်တော်သို့အသိပေးရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် တတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ် မတ်လ ၁၆ ရက်တွင်စတင်ခဲ့ပြီး ယနေ့ ဧပြီလ ၈ ရက်တွင် ပြီးဆုံးမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ဆိုသည်မှာ ပြည်သူကိုကိုယ်စားပြုခွင့်ရသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ လွှတ်တော်အဆောက်အအုံထဲတွင် **“ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်ကဖော်ဆောင်ရွက်”** ဆိုသည့် ဆောင်ပုဒ်များကို နေရာအနှံ့အပြားတွင် တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

လွှတ်တော်၏ လုပ်ငန်းတာဝန်များကို ကြည့်မည်ဆိုပါက လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်းနှင့် သမ္မတ၊ ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း၊ ပြည်သူလူထုကိုကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို အပြန်အလှန် ထိန်းညှိခြင်းများကို တွေ့ရမည်ဖြစ်ပါကြောင်း။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကာလအတွင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ကိုမဲပေးရွေးချယ်တင်မြှောက်ပေးလိုက်သည့် ပြည်သူများ၏ ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို ရွေးချယ်တင်မြှောက် အတည်ပြုဆောင်ရွက်နေကြပြီဖြစ်သည့်အတွက် လွှတ်တော်၏ အဓိကတာဝန်များကို အချိန်တိုအတွင်း အထိုက်အလျောက်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ယခုဆောင်ရွက်ချက်များအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများအားလုံးကို ပြည်သူ့လွှတ်တော်က ကျေးဇူးတင်ဝမ်းမြောက်ဂုဏ်ယူ မှတ်တမ်းပြုအပ်ပါကြောင်း။

မကြာမီ လွှတ်တော်ကို ခေတ္တရပ်နားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ရပ်နားနေစဉ်ကာလအတွင်း ကိုယ်စားလှယ်များအနေဖြင့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်နှင့်အညီ ရောက်ရှိရာနေရာဒေသတိုင်းတွင် ပြည်သူ့အသံကိုနားထောင်ခြင်း၊ ပြည်သူ့အကျိုးကိုဆောင်ရွက်ခြင်း၊ အမျိုးသားအကျိုးစီးပွားကို အလေးအနက်ထားပြီး ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်စေရန်၊ ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူကိုထာဝရကိုယ်စားပြုနိုင်ရန် အထူးအလေးထား ကြိုးစားဆောင်ရွက်သွားကြစေလိုပါကြောင်း။

ထို့ပြင် ပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေမည့် လုပ်ငန်းတာဝန်များကိုလည်း စိတ်ကောင်းစေတနာမှန်နှင့် ဆတက်ထမ်းပိုးထမ်းဆောင်ကြရန်လိုပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များသည် နိုင်ငံတော်၏ အဓိကကျသောမဏ္ဍိုင်ကြီးတစ်ခုဖြစ်သည့် ဥပဒေပြုမဏ္ဍိုင်တွင် ပါဝင်ဆောင်ရွက်နေကြသူများဖြစ်သည့်အတွက် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် လုပ်ပိုင်ခွင့်များကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် အညီ ကိုက်ညီအောင်ကြိုးပမ်းပြီး တာဝန်ကျေပွန်စွာဆောင်ရွက်နိုင်ရန် ဥပဒေရေးရာကိစ္စများကို အားလပ်ချိန်များတွင် လေ့လာထားရမည်ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်ကြီးများအနေဖြင့် ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့်အတွက် မိမိကိုယ်စားပြုသည့် မဲဆန္ဒနယ်မြေနှင့် မိမိကိုယ်စားပြုရာ မဲဆန္ဒနယ်မြေအတွင်းတွင်ရှိသည့် နိုင်ငံသူ၊ နိုင်ငံသားများနှင့် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အရေးကိစ္စများကိုအမြော်အမြင်ရှိစွာဖြင့် ဥပဒေနှင့် အညီ **စာမျက်နှာ ၉ သို့**

❍ စာမျက်နှာ ၈ မှအဆက်
အလေးထားကြိုးပမ်းဆောင်ရွက်ကြပြီး ပြည်သူများ၏လိုလားချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် မေတ္တာရှင်သူရဲကောင်းများဖြစ်အောင်ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြရန် ယုံကြည်မျှော်လင့်လျက်ရှိပါကြောင်း။

မကြာမီ ကျရောက်မည့် ၁၃၈၈ ခုနှစ် မြန်မာ့နှစ်သစ်ကူး အခါသမယတွင် ပျော်ရွှင်ကျန်းမာစွာ ဖြတ်သန်းနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းဖြင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ကျန်းမာရွှင်လန်းစွာဖြင့် ကိုယ်စားလှယ်များအားလုံးကို ပြန်လည်ဆုံတွေ့ကြပါစို့ဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း လွှတ်တော်သို့ အသိပေးကြေညာပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြဝတီ

## မဟာသင်္ကြန်ရုံးပိတ်ရက်များတွင် မြဝတီသတင်းစာ ခေတ္တရပ်နားမည်

မြဝတီနေ့စဉ်သတင်းစာအား မဟာသင်္ကြန်ရုံးပိတ်ရက်များဖြစ်သည့် ၂၀၂၆ ခုနှစ် ဧပြီလ ၁၃ ရက် (တနင်္လာနေ့)မှ ဧပြီလ ၁၈ ရက်(စနေနေ့)အထိ ၆ ရက် ခေတ္တရပ်နားမည်ဖြစ်ပြီး ဧပြီလ ၁၉ ရက်(တနင်္ဂနွေနေ့)တွင် ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

# တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဧပြီ ၈**

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။


တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပစဉ်။

အစည်းအဝေးတွင်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၁၃ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၁၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာကျောင်းလီကျဲ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စဗယ်လင်တီနာ မက်ဗီယန်ကို၊ ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ကောင်စီ(အထက်လွှတ်တော်) ဥက္ကဋ္ဌ မစ္စ နာတာလီယာ ကိုချာနိုဗာ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဖ်တို့က ပေးပို့လာသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော်ပထမပုံမှန်အစည်းအဝေး ပြီးဆုံးပြီဖြစ်ကြောင်း၊ တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ် မတ်လ ၁၈ ရက်မှ ဧပြီလ ၈ ရက်အထိ ကျင်းပခဲ့ကြောင်း၊ အစည်းအဝေးပထမနေ့တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထဲမှ သဘာပတိအဖြစ်တင်မြှောက်ခြင်းနှင့်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးက ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နန်းနီနီအေးကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်နိုင်ခဲ့ကြောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ နှင့် ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄ တို့အရ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီများကိုဖွဲ့စည်းနိုင်ရေးအတွက်ယင်းကော်မတီတစ်ခုချင်းစီတွင် ပါဝင်သင့်သည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်အဖြစ် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း၊ ယင်းကော်မတီများအလိုက် တာဝန်ယူဆောင်ရွက်မည့်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူပြီး ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။


တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ စသည့်နိုင်ငံများက အမြဲတမ်းကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးတို့ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့လာခြင်းကို လွှတ်တော်သို့တင်ပြခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

မိမိတို့လွှတ်တော်သည် ဥပဒေပြုရေးအာဏာပိုင်ဆိုင်ထားသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ရရှိထားသည့် ဥပဒေပြုရေးအာဏာကို အသုံးပြုကာ ပြည်သူများချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးအတွက် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့ကိုဖော်ဆောင်ပေးမည့်ဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရေးသည် လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်ဖြစ်ကြောင်း၊ ထို့ပြင် အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍများ၏ လုပ်ငန်းများကိုလည်း နှံ့နှံ့စပ်စပ်လေ့လာသိရှိထားရန် လိုအပ်ကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍများအပေါ်တွင် မိမိတို့လွှတ်တော်ကိုယ်စားလှယ်များ၏ ပြောဆိုပြုမူဆောင်ရွက်ချက်များသည် မလျော်ဩဇာသုံးသည့်သဘောမျိုးမသက်ရောက်စေရန် သတိကြီးစွာထားရန်လိုအပ်သည်ကို မှာကြားလိုကြောင်း။

ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူကအုပ်ချုပ်သည့်စနစ်ဟုပြောနိုင်ကြောင်း၊ နိုင်ငံသားများအားလုံး လွှတ်တော်ထဲတွင် လာရောက်မထိုင်နိုင်သည့်အတွက်၎င်းတို့၏ ကိုယ်စား ရွေးချယ်တင်မြှောက်စေလွှတ်သည်ဟုဆိုနိုင်ကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များသည်ပြည်သူက ပေးအပ်စေခိုင်းသည်များကို တာဝန်ဟုခံယူပြီး ထမ်းဆောင်ရန်လိုအပ်ကြောင်း၊ ပြည်သူများခံစားတွေ့ကြုံနေရသည့်အခက်အခဲများကို ပြည်သူနှင့်ထပ်တူခံစားပြီး ပြည်သူ့အကျိုးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော်ထဲကို ရောက်ရှိလာကြသည့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံးသည် ယခုဆိုလျှင် တစ်လှေတည်းစီးတစ်ခရီးတည်းသွားနေကြသူများဖြစ်ကြကြောင်း၊ ဖြတ်သန်းလာကြသည့် နယ်ပယ်အသီးသီးသည် မတူညီကြသော်လည်း နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးဖြစ်ထွန်းစေမည့်ဥပဒေများကို ပြဋ္ဌာန်းမည်၊ မေးခွန်းများ၊ အဆိုများကို မေးမြန်းတင်သွင်းကြမည်ဆိုသည့် ရည်မှန်းချက်ချင်းတူညီကြပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအကြား ဥပဒေပြုရေး၊ မေးခွန်းများ၊ အဆိုများဆွေးနွေးရေးများနှင့် ပတ်သက်ပြီး အမြင်မတူသည်များ၊ သဘောထားကွဲလွဲသည်များရှိနေမည်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို ရှေးရှုညှိနှိုင်းပြီး ဆွေးနွေးအဖြေရှာသွားကြရမည်ဖြစ်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ်သည် သက်ဆိုင်ရာနိုင်ငံရေးပါတီများရှိကြသော်လည်း ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည်ဆိုသည့်ခံယူချက်ထားရှိပြီး အပြန်အလှန်လေးစားမှုဖြင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများကို ကိုယ်စားပြုသည့်လွှတ်တော်ဖြစ်သည်နှင့်အညီ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် လွှတ်တော်အစည်းအဝေးရပ်နားထားစဉ်တွင် ဒေသခံပြည်သူများ ပေးအပ်မည့်တာဝန်များကို အကောင်အထည်ဖော်ဆောင်ပေးနိုင်ရန်အတွက် ပြည်သူများ၏အသံကိုနားထောင်ပြီး ပြည်သူများ၏နေ့စဉ်ဘဝများကိုထိတွေ့ကာပြည်သူ့ဘဝ၊ ပြည်သူ့ဆန္ဒများကို လွှတ်တော်ထဲအထိရောက်အောင်သယ်ဆောင်၍ မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများ တင်သွင်းနိုင်အောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းလိုကြောင်း။

ပြည်သူ့အကျိုးစီးပွားကို မြင့်မြင့်မားမားဖော်ဆောင်နိုင်ရေးအတွက်ကြိုးပမ်းဆောင်ရွက်နိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံသားအားလုံး ငြိမ်းချမ်းသာယာဝပြောပြီး ဒီမိုကရေစီအောင်ပန်းကိုဆွတ်လှမ်းနိုင်ရေးအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါစေကြောင်း တိုက်တွန်းပြောကြားရင်း လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့ သက်ဆိုင်ရာဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိပါစေဟု ဆုမွန်ကောင်းတောင်းအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

မြဝတီ

# မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပင်လုံ ဧပြီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပင်လုံမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီလ ၇ ရက်တွင်ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုးက မဟာသင်္ကြန်ပွဲတော်ဖြစ်မြောက်ရေးဦးစီးကော်မတီများနှင့် လုပ်ငန်းကော်မတီများခွဲဝေတာဝန်ချထားမှုများ၊ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများအကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများအားတင်ပြကြသည်။ပင်လုံမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်လမ်းလျှောက်ပွဲတော်ကို ဧပြီလ ၁၃ ရက်မှ ၁၆ ရက်အထိ ပင်လုံမြို့ ရတနာကန်တော်ရှေ့ လမ်းတစ်လျှောက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖွင့်ပွဲအစီအစဉ်များ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ရေကစားရာတွင် ရေလုံလောက်စွာရရှိရေး၊ စတုဒိသာညွှေ့ခံကျွေးမွေးခြင်းနှင့် နှစ်ဆန်းတစ်ရက်နေ့တွင် ပရိတ်တရားတော်နာယူခြင်း၊ သက်ကြီးဘိုးဘွား ပူဇော်ခြင်း အစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် လမ်းလျှောက်သင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး၊ ဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်သည့် ယိမ်းအဖွဲ့များကလည်း မြန်မာ့ရိုးရာသင်္ကြန်တွင် ဖျော်ဖြေနိုင်ရေးအတွက် ယိမ်းအကများ လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ (၄၁၄)

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် လက်တွေ့ မီးငြိမ်းသတ်နည်းသရုပ်ပြခြင်းဆောင်ရွက်

ဖယ်ခုံ ဧပြီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့ မြို့မဈေး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြခြင်းကို ဧပြီလ ၈ ရက် နံနက်ပိုင်းတွင်ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းဟန်က ဈေးသူ၊ ဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံစိတ်ချမှုရှိစေရေးတို့အတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များ အသိပညာပေးဟောပြောပြီး မီးသတ်တပ်ဖွဲ့များနှင့်အတူရေစိုအဝတ်ဖြင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ပညာပေးခြင်း၊ မီးငြိမ်းသတ်ယာဉ်ကြီးများဖြင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်း များကိုဆောင်ရွက်ကြသည်။



အဆိုပါ မီးငြိမ်းသတ်နည်းသရုပ်ပြဆောင်ရွက်နေမှုကို ဖယ်ခုံမြို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချိုလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြတ်သူနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုကြပြီး ဈေးကော်မတီဝင်များ၊ ဈေးတာဝန်ခံများ၊ ဈေးရောင်းဈေးဝယ်များနှင့်ပူးပေါင်းဆောင်ရွက်ကြကြောင်းသိရသည်။

ဖယ်ခုံမြို့နယ်(ပြန်/ဆက်)

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော



ကျောက်ဆည် ဧပြီ ၈

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ ဧပြီလ ၇ ရက် မွန်းလွဲပိုင်းတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက သဘာဝဘေးအန္တရာယ် အမျိုးအစားများအကြောင်းဟောပြောပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝင်းက လေပြင်း အန္တရာယ်ဖြစ်ပေါ်လာမည်ဆိုပါက ကြိုတင်ပြင်ဆင်ရန်အချက်များ၊ လေပြင်းတိုက်ချိန်တွင် ပြုလုပ်ရန် အချက်များ၊ လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန်အချက်များအား အသိပညာပေးဟောပြောပြီး သဘာဝဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေသည်။

ထို့နောက် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များအား ခင်းကျင်းပြသရာ ဟောပြောပွဲသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်းသိရသည်။ သက်မောင်(ကျောက်ဆည်)

## လယ်ယာကဗျာ နွေဦးအလှ

❀ ပဲပြောင်းဝါ နေကြာရင့်လို့
ရိတ်သိမ်းသင့် ခွင့်ခါပေ။
မျှော်တစ်ခေါ် ရော်ဝါလွှမ်းသည့်
ဂျုံခင်းတန်းရှည်။
မြေပဲနှမ်း ဆောင်စွမ်းစေ
ဆီထွက်လေ မသွေပ။
တစ်ရက်မနားပါဘု
စက်အများရယ်နှင့်
“လက်စားကူ” ရိတ်အတူသိမ်းတယ်
နွေယိမ်းသို့ က။

❀ ကုန်ရောင်းစေ ရွှေငွေစနှင့်
တောင်သူဘဝ အလှဆင်။
ရာသီပင် တွင်တွင်စိုက်ဖို့
အားတိုက်လို့နှင်။
ဆည်မြောင်းက ရေအလျှံ
တသွင်သွင် စီးသည်မို့။
လယ်ယာမြေ ရွှေသခွားနှင့်
နွေစပါးစိုက်စို့။

❀ ဂျုံရိတ်မြေ ရေကိုသွင်းလျက်
“ရေဆင်း”တက်လို့ ချိတ်ဆက်ရှာ။
မျိုးသန့်ရာ သေချာမေးနှင့်
ဆွေးနွေးလျက်သာ။
ညွှန်ကြားမှု ခံယူကာ
စံနမူနာဖြင့် စိုက်ကာပျိုး။
မတ်ပဲ ရွှေနေကြာနှင့်
ပြောင်းကြက်စာ နှမ်းဝါနက်ရယ်
ပဲတီထွက်တိုး။

❀ သီးနှံစုံ ထုတ်ကုန်မျိုးမို့
ဖွံ့ဖြိုးလို့ တိုးတက်နေ။
ပြည်ပငွေ ရှာဖွေအစွမ်းနှင့်
ကြိုးပမ်းဝန်ကျေ။
စက်မှုခေတ် စနစ်ရဲ့အဖြေ
လယ်ယာမြေက ရွှေရောင်လွှမ်း။
ပြည်အကျိုးကိုလ
သယ်ပိုးကာ ကျရာအခန်းကရယ်
(ကွယ်)ဦးပဲ့ရွက်ထမ်း။ ။

ကိုမောင်လှသိန်း(ညိုမြတို့ရွာ)






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့မှတ်တမ်းဗီဒီယိုကို ကြည့်ရှုစဉ်။






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၇၉) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ၂၀၂၅ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆု ဝတ္ထုတိုပေါင်းချုပ်(ပထမ)ဆုရရှိသူ ဗိုလ်မှူးရာဇာအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပေးအပ်ချီးမြှင့်သည့် (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၇၉ သိန်းကို နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ပေးအပ်ရာ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ရဲရင့်အောင်က လက်ခံရယူစဉ်။

➢ **ကျောဖုံးမှအဆက်**

ကြိုဆိုနှုတ်ဆက်ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို စတင်ကျင်းပသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကော်မရှင်အဖွဲ့ဝင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား တပ်မတော်အရာရှိကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်၊ ကျောင်းများမှ အရာရှိ၊ စစ်သည်၊ အစားခန့်ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ မြဝတီတေးဂီတအဖွဲ့က **"ကကပြည်ရဲ့ မြဝတီ"** တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၇၉)နှစ်မြောက်နှစ်ပတ်လည်နေ့ မှတ်တမ်းဗီဒီယိုကိုပြသသည်။

ထို့နောက်အခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က

**စာမျက်နှာ ၁၂ သို့** ➢





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်အဖွဲ့ဝင်များ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကိုကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြဝတီရုပ်မြင်သံကြား(နေပြည်တော်) ထုတ်လွှင့်ရေးစက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစဉ်။




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ်ပြုလုပ်ထားသည့် Signing Board တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်လာကြသည့်ဧည့်သည်တော်များ၊ ဝန်ထမ်းများနှင့်အတူ နှစ်ပတ်လည်နေ့အထိမ်းအမှတ်နေ့လယ်စာကို အတူတကွ သုံးဆောင်စဉ်။

➢ **စာမျက်နှာ ၁၁ မှအဆက်**

အမှာစကားပြောကြားရာတွင် ကုန်လွန်ခဲ့သည့်နှစ်တစ်နှစ် (သို့မဟုတ်)ကျန်ရစ်ခဲ့သည့် ရက်စွဲတစ်ခုသည် နောင်လာမည့်ကာလများအတွက် သမိုင်းမှတ်တမ်းများပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကိုပြန်ကြည့်မည်ဆိုပါက တပ်မတော်၏ မှတ်တမ်းပုံရိပ်များကိုလည်း ပူးတွဲတွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ထို့အတူ တပ်မတော်၏သမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ သမိုင်းကြောင်းကို ပြန်ကြည့်ပါက ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် "ပညာရေးဌာနစု" အဖြစ် စတင်ပေါ်ပေါက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ၁၉၅၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်တွင် "ပညာရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး"၊ ၁၉၉၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်တွင် "ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး" အဖြစ် ခေတ်ကာလနှင့်အညီ အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့အနေဖြင့် လွတ်လပ်ရေးကြိုးပမ်းမှု

**စာမျက်နှာ ၁၃ သို့** ➢

❖ **ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ အဖွဲ့အစည်းတစ်ခုနှင့်လူထုအကြား အပြန်အလှန်အကျိုးရှိသည့်ဆက်ဆံရေးကို ထူထောင်ရသည့် ဆက်သွယ်ရေးမဟာဗျူဟာလုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ် . . .**

❖ **စိတ်ဓာတ်စစ်ဆင်ရေးဆိုသည်မှာ တပ်မတော် (ကြည်း၊ ရေ၊ လေ) အင်အားစုကြီးတစ်ခုလုံးကို စိတ်ဓာတ်နှင့်တည်ဆောက်ပြီး ပြည်သူကြားကမွေးဖွားလာသည့် တပ်မတော်နှင့်ပြည်သူကို တစ်သားတည်းဖြစ်စေသည်အထိ စွမ်းပကားကြီးမား . . .**

➢ **စာမျက်နှာ ၁၂ မှအဆက်**

ကာလမှစ၍ မျက်မှောက်ကာလတိုင်ရှည်လျားသည့် သမိုင်းခရီးစဉ်တစ်လျှောက် နိုင်ငံတော်၏ ခရီးလမ်းအသွယ်သွယ်ကို အခြားလက်ရုံးတပ်များနည်းတူ ပါဝင်ဖြတ်ကျော်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ သမိုင်းကပေးသည့် အတွေ့အကြုံများအရ လိုအပ်သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးဆိုင်ရာတပ်ဖွဲ့များကို အဆင့်ဆင့်ဖွင့်လှစ်ခဲ့ပြီး ပြည်သူ့ဆက်ဆံရေး၊ စိတ်ဓာတ်စစ်ဆင်ရေးနှင့် ပညာရေးတာဝန်များကို အတိတ်သမိုင်းမှစ၍ ယနေ့ထက်တိုင် ကြိုးပမ်းထမ်းရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏လိုအပ်ချက်အရ ခေတ်ကာလတစ်လျှောက် မည်သို့ပင် အမည်နာမများ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သော်လည်း မူလရည်မှန်းချက်တာဝန်များဖြစ်သည့် ပြည်သူ့ဆက်ဆံရေး၊ စိတ်ဓာတ်စစ်ဆင်ရေး၊ စည်းရုံးရေး၊ ပညာပေးရေးဆိုသည့်လုပ်ငန်းတာဝန်လေးရပ်ကို ကျေပွန်စွာ ကြိုးစားအကောင်အထည်ဖော်ခဲ့ကြသည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆက်ဆံရေး(Public Relations)နှင့်စိတ်ဓာတ်စစ်ဆင်ရေး(Psychological Warfare)ဆိုသည့် အသုံးအနှုန်းနှင့်ပတ်သက်ပြီး ပြောရမည်ဆိုပါက **ပြည်သူ့ဆက်ဆံရေးဆိုသည်မှာ အဖွဲ့အစည်းတစ်ခုနှင့်လူထုအကြား အပြန်အလှန်အကျိုးရှိသည့် ဆက်ဆံရေးကို ထူထောင်ရသည့် ဆက်သွယ်ရေးမဟာဗျူဟာ လုပ်ငန်းစဉ်တစ်ရပ်ပင်ဖြစ်**ကြောင်း၊ **စိတ်ဓာတ်စစ်ဆင်ရေးဆိုသည်မှာတပ်မတော် (ကြည်း၊ ရေ၊ လေ) အင်အားစုကြီးတစ်ခုလုံးကို စိတ်ဓာတ်နှင့်တည်ဆောက်ပြီး ပြည်သူကြားက မွေးဖွားလာသည့် တပ်မတော်နှင့်ပြည်သူကိုတစ်သားတည်းဖြစ်စေသည်အထိ စွမ်းပကားကြီးမား**ကြောင်းကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာ့ဖြစ်စဉ်များကို လေ့လာကြည့်ပါက နိုင်ငံအသီးသီး၏ ပညာရေးစနစ်အခြေခံခိုင်မာမှု ရှိ၊ မရှိ ဆိုသည်ကို စိန်ခေါ်မှုများစွာဖြင့် နေ့စဉ်ဆန်းစစ်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် ပညာပြည့်ဝသည့်လူသားအရင်းအမြစ်များ များစွာလိုအပ်သကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးလုပ်ငန်းများအတွက်လည်း ပညာပြည့်ဝသည့် တပ်မတော်သားအရင်းအမြစ်များများစွာ ရှိနေရန် လိုအပ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက်ပညာရေးတပ်၊ ကျောင်းများ၏အခန်းကဏ္ဍသည် အဓိကအရေးပါသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သမိုင်းကိုပြန်ကြည့်ပါက ၁၉၅၄ ခုနှစ်၊ စက်တင်ဘာလတွင် တပ်မှူးများညီလာခံမှ စတင်အသက်ဝင်ခဲ့သည့် တပ်မတော်သားတိုင်း အရေး၊ အဖတ်၊ အတွက် "အ" သုံးလုံးကျေပညာရပ်များကို တတ်မြောက်ရမည်ဆိုသည့် မူဝါဒကို ထိုစဉ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့အချိန်အခါတွင်လည်း တပ်မတော်ပညာရေးကျောင်းများကို ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကတာဝန်ယူပြီး ဆက်လက်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ထို့အပြင် နိုင်ငံတော်၏ ဒေသအနှံ့တွင် ကျရာတာဝန်ကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများနှင့် မိသားစုဝင်များ၊ တိုက်ပွဲကျဆုံးနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများ၏ သားသမီးများ၏ ပညာရည်မြင့်မားစေရန်အတွက်"တပ်မတော်ကလေးကျောင်း"များကို ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ၁၉၅၂ ခုနှစ်မှ စတင်ဖွင့်လှစ်ပညာသင်ကြားခဲ့ကြောင်း၊ ယနေ့အခါတွင် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် အခြေခံပညာကျောင်းများအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပြီး နိုင်ငံတော်၏ ပညာရည်မြင့်မားရေးကို အားဖြည့်ကူညီဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

တပ်မတော်သည် နိုင်ငံတော်တည်ရှိနေသရွေ့တည်ရှိနေရမည့် အခိုင်မာဆုံးသောအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ လက်တွဲပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်သွားရမည့် တပ်မတော်တစ်ရပ်အနေဖြင့် အသိပညာ၊ အတတ်ပညာများနှင့် ပြည့်စုံသည့် တပ်မတော်သား အရင်းအမြစ်ကောင်းများ စဉ်ဆက်မပြတ်ထွန်းကားရေးသည် အရေးကြီးဆုံးအချက်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် လာမည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစတင်၍ ပညာရေးနှင့် ပတ်သက်သည့်ကဏ္ဍသစ်တစ်ခုကို စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါပညာရေးကဏ္ဍသစ်မှာ တပ်မတော်တွင် စစ်မှုထမ်းဆောင်ဆဲ တပ်မတော်သားအရာရှိ၊ စစ်သည်များ၏ သား၊ သမီးများ၊ တပ်မတော်သားအငြိမ်းစားအရာရှိ၊ စစ်သည်များ၏ သား၊ သမီးများနှင့် ကျဆုံးသွားကြသော တပ်မတော်သားအရာရှိ၊ စစ်သည်များ၏ သား၊ သမီးများ၏ ပညာရေးကို စဉ်ဆက်မပြတ်တာဝန်ယူစောင့်ရှောက်နိုင်ရန် တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများကို ရန်ကုန်နှင့် နေပြည်တော်တွင် စတင်ဖွင့်လှစ်ပြီး အခြေခံပညာအထက်တန်းအဆင့်ပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း။

ထိုသို့ ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် လူငယ်မျိုးဆက်သစ်ကောင်းများ စဉ်ဆက်မပြတ်ထွန်းကားလာမည့်အပြင် ပညာပြည့်ဝသည့် တပ်မတော်သားအရင်းအမြစ်ကောင်းများလည်း ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ အတန်းစဉ်ကူးပြောင်းမှုကောင်းပြီး ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် ကျောင်းသားများကို တပ်မတော်ဆိုင်ရာ တက္ကသိုလ်များနှင့် သိပ္ပံကျောင်းများ၊ တပ်မတော်ဆေးဘက်ဆိုင်ရာ ပညာသင်တန်းများ၊ ကွန်ပျူတာဒီပလိုမာ တပ်ကြပ်ကြီး/စာရေးသင်တန်းများအထိ တပ်မတော်၏ ကူညီဖြည့်ဆည်းပေးမှုများနှင့် ဆက်လက်တက်ရောက်နိုင်ရန်ဆောင်ရွက်ပေးသွားမည်ကို ပြောကြားလိုကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်များသည် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် စာပေ၊ ဂီတ၊ မီဒီယာစသည့် သဘောသဘာဝအပေါ် အခြေခံပြီးဖွဲ့စည်းထားသောတပ်ဖွဲ့များဖြစ်ခြင်းကြောင့် တပ်ဖွဲ့တွင်းစည်းလုံးညီညွတ်မှုရှိစေရေးသည် အရေးကြီးသည့်အချက်ပင်ဖြစ်ကြောင်း၊ ပေးအပ်လာသောတာဝန်အရပ်ရပ်အပေါ် တစ်ဦးတစ်ယောက်ကောင်းအားထက် စုပေါင်းအားကို အဓိကမဏ္ဍိုင်ပြုပြီး ကျေပွန်အောင် ထမ်းဆောင်သွားကြရန် လိုအပ်ကြောင်း။

စစ်ဘက်-အရပ်ဘက်ဆက်ဆံရေး ပိုမိုရေရှည်တည်တံ့ခိုင်မာရေးအတွက် အဓိကအရေးပါသည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးနှင့် ကွပ်ကဲမှုအောက်တပ်များအတွက် လိုအပ်သည့် အသွင်သဏ္ဌာန်ပိုင်းနှင့် အနှစ်သာရပိုင်းများကိုလည်း ပိုမိုခေတ်မီတိုးတက်အောင် ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ လက်ရှိနိုင်ငံတော် အစိုးရသစ်လက်ထက်တွင်လည်း ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့များ၏ စွမ်းပကားနှင့်နိုင်ငံ့အရေး အတွက်ဆက်လက်အားဖြည့်ကူညီကြိုးပမ်းဆောင်ရွက်ပေးသွားကြရန်လည်း အလေးအနက်ထားမှာကြားလိုကြောင်း။

ထို့ကြောင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတပ်ဖွဲ့၏ လေးမြတ်သည့် ဂုဏ်ဒြပ်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတော်နှင့် တပ်မတော်ကပေးအပ်သည့် တာဝန်များအပေါ် ကျေပွန်အောင်ကြိုးပမ်းထမ်းဆောင်ရင်း မိမိ၏ဂုဏ်၊ တပ်ဖွဲ့၏ဂုဏ်ကို မြှင့်တင်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အဆင့် ပြည်တွင်းပြိုင်ပွဲများတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်တပ်၊ ကျောင်းများမှ ဆုရရှိခဲ့ကြသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ၂၀၂၅ ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု ဝတ္ထုတိုပေါင်းချုပ် (ပထမ)ဆုရရှိသူ ဗိုလ်မှူးရာဇာအောင်၊ ၂၀၂၅ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆု ကဗျာပေါင်းချုပ်( ဒုတိယ) ဆုရရှိသူ ဒုတိယအရာခံဗိုလ်/စာရေး ဇော်မင်းထက်၊ ၂၀၂၄ ခုနှစ်စာပေဗိမာန်ဝတ္ထုတိုပေါင်းချုပ်(ဒုတိယ) ဆုရရှိသူ ဗိုလ်မှူးကျော်ရဲသိန်း နှင့် ၂၀၂၄ ခုနှစ် စာပေဗိမာန်စာမူဆု နိုင်ငံရေးစာပေဆု (ဒုတိယ) ဆုရရှိသူ ဗိုလ်ကြီးအောင်မျိုးဝင်းတို့က ဆုများ အသီးသီးလက်ခံရယူကြသည်။

၎င်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပေးအပ်ချီးမြှင့်သည့် (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၇၉ သိန်းကို ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးအပ်ရာပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးက လက်ခံရယူသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူးက နှစ်ပတ်လည်နေ့အထိမ်းအမှတ် လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် မြဝတီတေးဂီတအဖွဲ့နှင့်အတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ ရုပ်ရှင်နှင့်သဘင်ဂီတအနုပညာရှင်များ ပူးပေါင်း၍ ဂုဏ်ပြုဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ဖျော်ဖြေတင်ဆက်မှုများအပြီးတွင် ကော်မရှင်အဖွဲ့ဝင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ကော်မရှင်အတွင်းရေးမှူးတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုပန်းခြင်းကိုလည်းကောင်း ချီးမြှင့်ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

အခမ်းအနားအပြီးတွင် ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မြဝတီရုပ်မြင်သံကြား(နေပြည်တော်) ထုတ်လွှင့်ရေးစက်ရုံအတွင်းရှိ TV Studio အတွင်း Program ရိုက်ကူးမှုများ၊ Master Control Room အတွင်းရှိ စက်ပစ္စည်းများ၏ လုပ်ဆောင်ချက်များ၊ နေ့စဉ်ထုတ်လွှင့်လျက်ရှိသည့် သတင်းအစီအစဉ်များအား လက်တွေ့ရိုက်ကူးမှုများနှင့် ရုပ်မြင်သံကြားအစီအစဉ်ထုတ်လွှင့်ခြင်းများကို လိုက်လံကြည့်ရှုကြပြီး သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များကိုမေးမြန်းပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ်ခင်းကျင်းပြသထားသည့် ပြခန်းများနှင့်လှူပ်ရှားမှုမှတ်တမ်းဓာတ်ပုံပြခန်းတို့အား လှည့်လည်ကြည့်ရှု၍ ပြခန်းတာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များမေးမြန်းပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ဝန်ထမ်းများနှင့်အတူ နှစ်ပတ်လည်နေ့အထိမ်းအမှတ် နေ့လယ်စာကို အတူ တကွသုံးဆောင်သည်။

ယင်းနောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ်ပြုလုပ်ထားသည့် Signing Board တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ပြန်လည်ထွက်ခွာရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက နှုတ်ဆက်ခဲ့ကြသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးသည် ၁၉၄၇ ခုနှစ်၊ ဩဂုတ်လ ၁ ရက်တွင် မြန်မာ့လွတ်လပ်ရေးသမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ခေတ်အဆက်ဆက်တပ်မတော်၏ သမိုင်းတစ်လျှောက်တွင် ပြည်သူ့ဆက်ဆံရေး၊ စိတ်ဓာတ်စစ်ဆင်ရေး၊ တပ်မတော်သားများအတွက် ပညာရေးနှင့်စည်းရုံးရေးလုပ်ငန်းများကို အောင်မြင်ကျေပွန်စွာထမ်းရွက်ခဲ့သကဲ့သို့ အနာဂတ်ကာလများတွင်လည်း နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်၍ တာဝန်များကို ဆက်လက်ထမ်းဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။**(၁၀၀)**

★ **စာမျက်နှာ ၁၅ မှအဆက်**

ပြည်နယ်အတွင်း မြို့နယ်အလိုက် သတ်သတ်မှတ်မှတ်တာဝန်ပေးပြီး အပျက်အစီးများရှင်းလင်းရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင် ဆောင်ရွက်စေခဲ့ကြောင်း၊ တာဝန်ပေးခဲ့သည့် တပ်မတော်အရာရှိကြီးများကလည်း ဆင်းရဲဒုက္ခကြားတွင် သွားရောက်နေထိုင်ပြီး လက်တွေ့ကျကျ အောက်ခြေထိဆင်းပြီး ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိုခါမုန်တိုင်းကျရောက်စဉ်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း၌ စိတ်စေတနာထက်သန်စွာဖြင့် စွန့်လွှတ်စွန့်စားပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်မတော်အရာရှိကြီးများကို ကျေးဇူးတင်ပြီး လေးစားဂုဏ်ပြုသည့်အနေဖြင့် ယနေ့ ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်ပေးအပ်သည့်အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၁)ရက်တွင် တောင်တရုတ်ပင်လယ်ဘက်က စခဲ့သည့်စူပါတိုင်ဖွန်းမုန်တိုင်းရာဂီကြောင့် နေပြည်တော်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နှစ်ပေါင်း ၇၀ အတွင်း အကြီးမားဆုံးသော မိုးရွာသွန်းမှုများဖြစ်ပေါ်ခဲ့ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ အဆိုပါသဘာဝဘေးကျရောက်စဉ်ကလည်း တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူများနှင့်အတူ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း။

အလားတူ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်တွင်လှုပ်ခတ်ခဲ့သည့် အလွန်အင်အားပြင်း မန္တလေးလျှင်ကြီးကြောင့် နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းတို့၌ ထိခိုက်ပျက်စီးမှုများပြီး အခြားဒေသများတွင်လည်း ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း၊ လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ကယ်ဆယ်ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ တပ်မတော်သားများပူးပေါင်းပါဝင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ **မိုခါမုန်တိုင်းအပါအဝင်နိုင်ငံတော်တွင်ကျရောက်ခဲ့သည့် သဘာဝဘေးအန္တရာယ်များ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တပ်မတော်မှ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ပူးပေါင်းပါဝင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများနှင့် အရာရှိများ၊ တပ်မတော်သားများအားလုံးကိုလည်း ကျေးဇူးတင်ဂုဏ်ပြု**သည်ကို ပြောကြားလိုပါကြောင်း။

အလားတူ **မိမိတို့တာဝန်ယူခဲ့သည့် (၅)နှစ်တာကာလအတွင်း၌ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးအခြေခံဖြစ်သည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများတိုးတက်အောင်မြင်အောင် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေဖြင့် ကြိုးစားလုပ်ဆောင်ခဲ့သည်ကိုလည်း မှတ်တမ်းတင်ဂုဏ်ပြု**လိုကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အတွက် အရေးကြုံလာတိုင်း၌ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၊ ပြည်သူတို့နှင့် တစ်သားတည်း ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကို အထူးကျေးဇူးတင်ကြောင်းကို ထပ်မံပြောကြားလိုကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်အောင် ကြီးကြပ်ကွပ်ကဲစီမံပေးခဲ့ကြသည့် တပ်မတော်အရာရှိကြီးများကိုလည်း လေးစားစွာမှတ်တမ်းတင်ဂုဏ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

အနာဂတ်ကာလတွင်လည်း နိုင်ငံ့အတွက် အရေးကြုံလာတိုင်း တပ်မတော်အနေဖြင့် ပြည်သူ့အကျိုးကို ထိထိရောက်ရောက် သယ်ပိုးဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရန်၊ **“ပြည်သူသာအမိ ပြည်သူသာအဖ”** ဟူသည့် ခံယူချက်နှင့် ပြည်သူတွေအပေါ် အလုပ်အကျွေးပြုသွားကြရန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း ကျရာကဏ္ဍမှ အင်တိုက်အားတိုက်ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အငြိမ်းစား အဆင့်မြင့်တပ်မတော်အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တည်ခင်းဧည့်ခံထားသည့်ဂုဏ်ပြုလက်ဖက်ရည်များကို အတူတကွသုံးဆောင်ကြသည်။

အခမ်းအနားအပြီးတွင် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (၁၅)ကြိမ်မြောက် စုပေါင်းဒုလ္လဘ ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာကျင်းပ



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (၁၅)ကြိမ်မြောက် စုပေါင်းဒုလ္လဘ ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာပွဲကျင်းပစဉ်။



ရဟန်း၊ သာမဏေများ သင်္ကန်းတောင်းခြင်းမင်္ဂလာပြုလုပ်စဉ်။

**နေပြည်တော် ဧပြီ ၈**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် (၁၅)ကြိမ်မြောက် စုပေါင်းဒုလ္လဘ ရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာပွဲကို ဧပြီလ ၇ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၌ ကျင်းပပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရဟန်းခံရှင်ပြုအလှူမင်္ဂလာနေ့ရက်ဖြစ်သည့် ဧပြီလ ၇ ရက်နေ့ နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ်၊ အားကစားခန်းမရှေ့စုရပ်မှ ရဟန်း ၃၇ ပါး၊ သာမဏေ ၂၁ ပါးနှင့်သီလရှင် ၂ ပါးတို့အား တောင်ကြီးမြို့၊ ပြည်ထောင်စုလမ်းမကြီးအတိုင်း စူဠာမုနိလောကချမ်းသာစေတီတော်ကြီးအား လက်ယာရစ် ၃ ပတ် လှည့်လည်ဖူးမြော်ကြည်ညိုပြီး စဝ်စံထွန်းရပ်ကွက်၊ မင်္ဂလာဂူဝိပဿနာစာသင်တိုက်၌ ဆံချမင်္ဂလာနှင့် သင်္ကန်းတောင်းခြင်း၊ သင်္ကန်းဝတ်ခြင်း (ပဗ္ဗဇ္ဇမင်္ဂလာ) အစီအစဉ်အတိုင်းဆောင်ရွက်ကာ ရှစ်ပါးပရိက္ခရာစုံလင်စွာဖြင့် သာသနာ့အမွေခံယူစေပြီး သာမဏေဘဝမှ ရဟန်းဘောင်သို့ သိမ်ဝင်ခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် တိုင်းမှူးနှင့်အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စေတနာရှင်အလှူရှင်များက ရဟန်းသာမဏေများအား သိမ်ဆင်းလောင်းလှူခဲ့ကြသည်။ ထို့နောက် အလှူတော်မင်္ဂလာရေစက်ချတရားနာယူခြင်းအခမ်းအနားကို မွန်းလွဲပိုင်းတွင် ကျင်းပပြုလုပ်ရာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက စဝ်စံထွန်းရပ်ကွက်၊ မင်္ဂလာဂူကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒာသီရိထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မင်းကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက ရှမ်းပြည်နယ် သံဃနာယကအဖွဲ့အကျိုးတော်ဆောင် ဘဒ္ဒန္တနာယကဆရာတော်ထံမှ အနုမောဒနာနှင့် ရေစက်ချတရားများ နာယူကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# ကွမ်းခြံကုန်းမြို့နယ်၊ တော်ကလိပ်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဧပြီ ၈**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ကလိပ်ကျေးရွာရှိဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူ ၁၅၁ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွား/မီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးလူအေး(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦး(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်း(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးလင်းအောင်(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်(ငြိမ်း)အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

★ **စာမျက်နှာ ၁၇ မှအဆက်**

ထို့ကြောင့်လည်း မုန်တိုင်းဒဏ်ခံရသည့် ရခိုင်ပြည်သူများ စားဝတ်နေရေးအဆင်ပြေပြီး အမိုးအကာအောက် လျှင်မြန်စွာ ရောက်ရှိနိုင်ခဲ့ကြောင်း၊ နိုင်ငံတကာက လေကြောင်း၊ရေကြောင်းဖြင့်ပေးပို့လာသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့်ပြည်တွင်းမှလှူဒါန်းသည့်ပစ္စည်းများကိုလည်း တပ်မတော်သားများက ရန်ကုန်မှတစ်ဆင့် လေကြောင်း၊ ရေကြောင်းများဖြင့် အတင်အချပြုလုပ်ပြီး အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်ရေးအတွက်ဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်ကြောင်း။

ထို့ပြင် တပ်မတော်မှအရာရှိကြီးများကို **စာမျက်နှာ ၁၄ သို့** ★





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ပြည်ထောင်စုဝန်ကြီးနှင့် တပ်မတော်အရာရှိကြီးများ၊ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးဒဏ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့်အရာရှိကြီးများအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်ခြင်းအခမ်းအနားသို့ အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးကျော်စွာလင်းအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းအား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။

**❖ မိမိတို့တာဝန်ယူခဲ့သည့် (၅)နှစ်တာကာလအတွင်း၌ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏ စီးပွားရေးအခြေခံဖြစ်သည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများတိုးတက်အောင်မြင်အောင် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေဖြင့် ကြိုးစားလုပ်ဆောင်ခဲ့သည်ကိုလည်း မှတ်တမ်းတင်ဂုဏ်ပြု . . .**

**❖ အနာဂတ်ကာလတွင်လည်း နိုင်ငံ့အတွက် အရေးကြုံလာတိုင်း တပ်မတော်အနေဖြင့် ပြည်သူ့အကျိုးကို ထိထိရောက်ရောက် သယ်ပိုးဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးကြရန်၊ "ပြည်သူသာအမိ ပြည်သူသာအဖ" ဟူသည့် ခံယူချက်နှင့် ပြည်သူတွေအပေါ် အလုပ်အကျွေးပြုသွားကြရန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း ကျရာကဏ္ဍမှ အင်တိုက်အားတိုက်ဆောင်ရွက်ပေးကြရန် ပြောကြားလို . . .**

★ ရှေ့ဖုံးမှအဆက်

Banquet Hall ၌ ကျင်းပပြုလုပ်ရာ ရွေးကောက်တင်မြှောက်ခြင်းခံရသော သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားပြီး ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် အငြိမ်းစား အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိဦးဆောင်သည့် တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ရွေးကောက်ပွဲ မသမာမှုများကြောင့် အရေးပေါ်ကာလသတ်မှတ်ပြီး အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်က တာဝန်ပေးခဲ့သောကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ယခုအထိ နိုင်ငံ့တာဝန်ကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တာဝန်ကို စတင်ယူခဲ့ချိန်မှစပြီး အခက်အခဲနှင့် စိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့ရသည်ကို မိမိနှင့်အတူ ကော်မရှင် အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်များနှင့် တပ်မတော်သားများ ပူးပေါင်းပြီး ပြည်သူလူထုအားဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ခဲ့ကြသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

စတင်တာဝန်ယူချိန်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြင်းထန်နေသည့်အချိန်ဖြစ်ပြီး ကူးစက်မှုကာကွယ်ရန်နှင့် ကုသရေးဆိုင်ရာများကို တပ်မတော်သားများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသောကြောင့် ထိခိုက်ဆုံးရှုံးမှုနည်းပါးစွာဖြင့် ကပ်ရောဂါကြီးကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ ထို့အတွက်ကြောင့်လည်း တပ်မတော်မှ စီစဉ်ဆောင်ရွက်ပေးခဲ့သူများနှင့် ပါဝင်ဆောင်ရွက်ခဲ့သူများအား မှတ်တမ်းတင်ကြောင်းကို ပြောကြားလိုကြောင်း။

တစ်ဆက်တည်း၌ပင် ရခိုင်ပြည်နယ်၌ ၂၀၂၃ ခုနှစ်၊ မေလ (၁၄)ရက်၌ အလွန့်အလွန်အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်ခဲ့မှုကြောင့် ရခိုင်ပြည်နယ်တွင် လူအသေအပျောက်များခဲ့ပြီး ရုံးအဆောက်အဦများ၊ လူနေအိမ်များ၊ စာသင်ကျောင်း၊ ဆေးရုံနှင့် သာသနိကအဆောက်အအုံများ များစွာ ထိခိုက်ပျက်စီးခဲ့ကြောင်း။

ယင်းအချိန်က မိမိအနေဖြင့် ရခိုင်ပြည်နယ်ကို မုန်တိုင်းတိုက်ခတ်ပြီးနောက်ရက်တွင် ချက်ချင်းသွားရောက်ပြီး ထိခိုက်ဒဏ်ရာရသူများကို အားပေးနှစ်သိမ့်ခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ချက်ချင်းဖွဲ့စည်းပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်စေခဲ့ကြောင်း၊ ဒေသခံအများစုအနေဖြင့် မုန်တိုင်းဒဏ်ကြောင့် ဒုက္ခရောက်နေကြပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို

တပ်မတော်နှင့်အစိုးရပူးပေါင်းပြီး ချက်ချင်းဆောင်ရွက်ခဲ့ကြကြောင်း၊ ပျက်စီးမှုများကိုရှင်းလင်းခြင်းနှင့် ပြန်လည်ထူထောင်မှုကို မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် တပ်မတော်အင်အားကိုအခြေပြုပြီး အလေးထားဆောင်ရွက်ပေးခဲ့ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် အစိုးရဌာနဆိုင်ရာများနှင့်အတူ တပ်မတော်သားများ၏ပူးပေါင်းပါဝင်မှုသည် အင်အားကြီးမားခဲ့ကြောင်း၊ ထို့ကြောင့်လည်း အချိန်တိုကာလအတွင်း၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်နှင့် လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်လေယာဉ်များ၊ စစ်ရေယာဉ်များကို အင်တိုက်အားတိုက်အသုံးပြုပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ရေးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ စားရေရိက္ခာများကိုရေကြောင်း၊လေကြောင်းတို့ဖြင့် အကြိမ်ကြိမ်ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ **စာမျက်နှာ ၁၅ သို့** ☆


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကော်မရှင်အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်ကြီးမိုးအောင်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်ကြီးထွန်းအောင်အား ဂုဏ်ပြုအထိမ်းအမှတ်လက်ဆောင် ပေးအပ်ချီးမြှင့်စဉ်။


(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ထူးခြားသည့်နေ့အပူချိန်များ

၈-၄-၂၀၂၆

| | | | | |
|---|---|---|---|---|
| ညောင်လေးပင် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| သာယာဝတီ | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| တောင်ငူ | ၃၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ဇလွန် | ၃၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ကြို့ပင်ကောက် | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မြဝတီ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |

# ခေတ်ကာလအရွေ့နှင့်အညီ ထိန်းသိမ်းရမည့် မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်ပွဲတော်

ဆုလတ်မေ

နိုင်ငံတိုင်း၊ လူမျိုးတိုင်းတွင် နှစ်သစ်ကူးပွဲတော် ကိုယ်စီရှိကြရာ ဘာသာဓလေ့ကို အခြေခံသည့် ပွဲတော်၊ နေထိုင်မှုစနစ်ကိုအခြေခံသည့် ပွဲတော်၊ ပုဂ္ဂလိကမိသားစုသဘောကို အခြေခံသည့်ပွဲတော် နှင့် လူမှုအသိုင်းအဝိုင်းကို အခြေခံသည့် ပွဲတော်ဟူ၍ အမျိုးမျိုးအဖုံဖုံကွဲပြားကြသည်။ မြန်မာနိုင်ငံ၏ နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် လူမှုအသိုင်းအဝိုင်း တစ်ခုလုံးကို ဗဟိုပြုသည့် ပွဲတော်အမျိုးအစားဖြစ် သည်။ မြန်မာ့နှစ်သစ်ကူးသင်္ကြန်တွင် လူမျိုးမရွေး၊ ဘာသာမရွေး၊ လူတန်းစားမရွေး ပါဝင်ဆင်နွှဲ ပျော်ရွှင်လေ့ရှိကြသည်။ သင်္ကြန်ပွဲတော်သည် မြန်မာ နိုင်ငံအပါအဝင် အရှေ့တောင်အာရှ နိုင်ငံအတော် များများတွင် နှစ်သစ်ကိုကြိုဆိုသည့်အနေဖြင့် ကျင်းပ သည့်ပွဲတော်ဖြစ်သည်။



### သင်္ကြန်ပွဲတော်၏အနှစ်သာရ

"မြနန္ဒာ x x နေညိုညိုရစ်ကာသန်းတော့ x ရွှေမန်းတောင်ရိပ် တူတူခိုမယ် ပျိုဖြူတွေရယ် x မျှော်ခင်းလေး သာပါဘိတယ် နိမိတ်ကောင်းယူမယ် နှစ်ကူးသင်္ကြန်တော်ဝယ်" ဆိုသည့် သီချင်းသံ များ ပျံ့လွင့်လာလျှင် မြန်မာ့ရိုးရာနှစ်သစ်ကူး သင်္ကြန်ခါရောက်ပြီဟု အလိုလိုသိနိုင်သည်။ သင်္ကြန် ဆိုသည်မှာ"ကူးပြောင်းခြင်း"၊ "ပြောင်းရွှေ့လာခြင်း" ဟုအဓိပ္ပာယ်ရသည့် ပါဠိဘာသာသင်္ကန္တ၊ သက္ကတ ဘာသာ သင်္ကြန္တတို့မှ တိုက်ရိုက်မြန်မာမှုပြုထားခြင်း ဖြစ်သည်။ မြန်မာ့နှစ်ကူးသင်္ကြန်ပွဲတော်တွင် နှစ်ဟောင်းကိုစွန့်ကာ နှစ်သစ်ကိုကူးပြောင်းသည့် အခါသမယတွင် နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းစင်အောင် ရေစင်သွန်းလောင်းသည်ဟူသော အဓိပ္ပာယ်ဖြင့် ဆင်နွှဲကြသည်။

### သင်္ကြန်ပွဲတော်၏ အသွင်သဏ္ဌာန်

သင်္ကြန်ရေသဘင်ပွဲသည် သာကီဝင်တို့၏ ဓလေ့မှကူးစက်လာသည်ဟုဆိုနိုင်သည်။ ထိုမှ တကောင်းခေတ်၊ ပုဂံခေတ်တို့မှ လက်ဆင့်ကမ်း သယ်ဆောင်ကာ ယနေ့ကာလအထိ မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်အဖြစ် တည်ရှိနေခဲ့သောဓလေ့ ဖြစ်သည်။ မြန်မာ့ရိုးရာပွဲတော်များထဲတွင် အကြီးမားဆုံးနှင့် အထင်ရှားဆုံးသော ပွဲတော် တစ်ခုလည်းဖြစ်သည်။ သင်္ကြန်ရေသဘင်ပွဲသည် ခေတ်ကာလ အခြေအနေအပေါ်မူတည်ကာ အသွင် သဏ္ဌာန်အမျိုးမျိုးကွဲပြားပြောင်းလဲလာခဲ့သည်။ ရှေးမြန်မာဘုရင်များသည် နှစ်သစ်ကူးပွဲတော်ကို ယဉ်ကျေးသိမ်မွေ့စွာဖြင့် သပြေခက်နှင့် နံ့သာရည် များပက်ဖျန်း၍ ဆင်ယင်ကျင်းပခဲ့ကြသည်။ သင်္ကြန်ကာလတွင် လူပျိုကာလသားများက ရေပက် ကစားကြသလို သက်ကြီးရွယ်အိုများနှင့် အပျိုကာလ သမီးတို့ကလည်း ဘုရားသွား၊ သီလယူခြင်းဖြင့် ကုသိုလ်ပြုကြလေ့ရှိသည်။ သင်္ကြန်ကာလတွင် အပျော်ကြူးစွာ ရေကစားခြင်းကြောင့်နောက်ဆက်တွဲ ပြဿနာများဖြစ်တတ်ပုံကို သမိုင်းတွင်ထင်ရှားစွာ တွေ့မြင်နိုင်သည်။ ပုဂံခေတ်နောက်ဆုံးမင်းဆက် နရသီဟပတေ့မင်းလက်ထက်တွင် အသက်အငယ်ဆုံး မိဖုရားစောလုံကို ဘုရင်နရသီဟပတေ့နှင့် ကျန်သည့် မိဖုရားများက ရေမွှန်းအောင် ရေပက်ကစားကြ သဖြင့် မိဖုရားစောလုံက အငြိုးထားကာ ဘုရင်၏ ပွဲတော်အုပ်အတွင်း အဆိပ်ခတ်သည်အထိ ရုပ်ဆိုး အကျည်းတန်သည့် အဖြစ်အပျက်ရှိခဲ့သည်။ "နှစ်အကူး xxx ရွှင်မြူးလေတဲ့သင်္ကြန်" ဆိုသည့် အတိုင်းပင် သင်္ကြန်အခါသမယတွင် ပျော်တတ်သူ တို့က ရေပက်ကစားခြင်းအပြင် အိုးမဲသုတ်ခြင်း စသည့်ကျီစားမှုများလည်းပြုတတ်ကြသည်။

ယခုခေတ်တွင်မူ မြို့ကြီးများတွင် ရေပက် မဏ္ဍပ်များဆောက်လုပ်ကာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် ဖျော်ဖြေခြင်း၊ ရေပိုက်များဖြင့် ရေပက် ကစားခြင်းများပြုလုပ်ကြသည်။ သင်္ကြန်တွင် ရေပက်ခံထွက်သူများကလည်း အမျိုးအစားစုံသော ကားများပေါ်တွင် ရောင်စုံအဝတ်အစားများဖြင့် ပျော်ရွှင်မြူးတူးစွာ မြို့အနှံ့ ရေပက်ခံထွက်ကြသည်။ နယ်မြို့များတွင်မူ စက်ဘီး၊ ဆိုင်ကယ်များဖြင့် ရေပက်ခံထွက်ကြသည်။ အချို့သောကျေးလက် တောရွာများတွင်မူ နွားလှည်းများပေါ်တွင် ရေစည် များတင်ဆောင်ကာ ရေပက်ကစားကြသည့်ဓလေ့ များ ယခုတိုင်ရှိနေသေးပေသည်။

သင်္ကြန်ရေသဘင်ပွဲတော်ကို ဗမာတိုင်းရင်းသား များသာမက အခြားသော တိုင်းရင်းသားများကလည်း မိမိတို့ရိုးရာဓလေ့အတိုင်း ဆင်ယင်ကျင်းပလေ့ရှိ သည်။ ထိုအထဲတွင် ရခိုင်တိုင်းရင်းသားတို့၏ သင်္ကြန်ပွဲမှာ ထင်ရှားသည်။ ရခိုင်တိုင်းရင်းသား တို့သည် သစ်ထွင်းလှေများထဲတွင် ရေထည့်ကာ လူပျို၊ အပျိုတို့ကို တစ်ဖက်တစ်ချက်စီမှနေ၍ ရေပက်ကစားကြခြင်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး မောင်ရင်းနှမသဖွယ် ချစ်ခင်စွာ နှစ်ကူးပွဲတော်ကို ဆင်နွှဲကြသည်။

### သင်္ကြန်ပွဲတော်နှင့်အစားအစာ

သင်္ကြန်နှင့်အတူပါဝင်လာသည့်သင်္ကြန်အစားအစာ တစ်မျိုးမှာ မုန့်လုံးရေပေါ်ဖြစ်သည်။ မုန့်နှစ်အတွင်း ထန်းလျက်ခဲများထည့်ကာ လုံးဝန်းအောင်ပြုလုပ်ပြီး ရေနှင့်ပြုတ်ထားသည့် မုန့်လုံးရေပေါ်ကို အုန်းသီး များများနှင့် စားရသည်က သင်္ကြန်ရေစိုစိုတွင် တစ်သက်မမေ့စရာ အရသာပင်ဖြစ်သည်။ သင်္ကြန် ကာလတွင် မြို့တိုင်း၊ ရွာတိုင်း၊ လမ်းတိုင်းတွင် မုန့်လုံးရေပေါ်စတုဒိသာကျွေးသည့် ပုံရိပ်များကို အထင်းသား တွေ့မြင်နိုင်သည်။ သင်္ကြန်နှင့် မုန့်လုံးရေပေါ်မှာ ခွဲခြားမရသော အမှတ်သင်္ကေတ များပင်ဖြစ်သည်။ ထိုအထဲတွင်မှ မွန်တိုင်းရင်းသား တို့၏ သင်္ကြန်ထမင်းမှာလည်း ထင်ရှားသည်။ ရေဆမ်းထားသည့်ထမင်းကို ငါးခြောက်ထောင်းကြော် မွှမွှရှရှနှင့် တွဲဖက်စားသောက်ရသည်မှာ တစ်မျိုး ထူးခြားသော အရသာဖြစ်ပြီး သင်္ကြန်၏ နိမိတ်ပုံနှင့် အပ်စပ်မှုရှိသည့် အစားအစာတစ်မျိုးဖြစ်သည်။

### သင်္ကြန်ပွဲတော်နှင့်ရာသီပန်း

သင်္ကြန်ကာလတွင် ပွင့်လေ့ရှိသည့် ရာသီပန်းမှာ ပိတောက်ပန်းပင်ဖြစ်သည်။ နွေရာသီတွင် ငုဝါပန်းတို့ ပွင့်လေ့ရှိသော်လည်း ပိတောက်ပန်းမှာ သင်္ကြန်အကြိုလက်ဆေးမိုးရွာမှ ပွင့်လေ့ရှိပြီး သင်္ကြန်ကာလအတွင်းတွင်သာ အများဆုံးပွင့်သည့် ပန်းဖြစ်သည့်အတွက် သင်္ကြန်နှင့်ပိတောက်မှာ ခွဲခြား၍မရသလိုပင်ဖြစ်ခဲ့သည်။ ပိတောက်ကို သင်္ကြန်၏ နိမိတ်ပုံသင်္ကေတအဖြစ်ပင် ထားရှိ ခဲ့ကြသည်။ ရေစိုစိုတွင် ပိတောက်ပန်းတဝင့်ဝင့်နှင့် အလှတင့်နေသော မြန်မာလှပျိုဖြူလေးများမှာ မြင်သူတိုင်း ရင်အေးစရာဖြစ်ခဲ့သည်။ ရာသီဥတု ပြောင်းလဲလာသည့်ကာလများတွင်မူ ပိတောက် ပန်းများသည်လည်း ပွင့်သည့်အချိန်ကာလ အနည်းငယ်ရွှေ့လျားမှုရှိခဲ့သော်လည်း ပိတောက်ပန်း အများစုမှာ သင်္ကြန်ကာလတွင် ပွင့်ကြမြဲဖြစ်သည်။

### သင်္ကြန်ပွဲတော်နှင့်ဘာသာရေး

သင်္ကြန်ကာလတွင် တရားစခန်းများအများဆုံး ဖွင့်လှစ်ပြီး သင်္ကြန်ပိတ်ရက်အတွင်း တရားအားထုတ် ကြသည်။ သင်္ကြန်ကာလအတွင်း သက်ကြီးရွယ်အို များနှင့် ဘာသာရေးလေ့လာလိုက်စားသူများက ဘုရားကျောင်းကန်များတွင် သီလယူခြင်း၊ ဥပုသ် သီတင်းဆောက်တည်ခြင်းများ ပြုလေ့ရှိကြသည်။ ထို့ပြင် သင်္ကြန်ကာလအတွင်း စတုဒိသာကျွေးမွေး ခြင်း၊ နှစ်သစ်ကူးတွင် သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ခြင်း၊ လက်သည်း၊ ခြေသည်းလှီးခြင်း၊ တိရစ္ဆာန်များအား ဘေးမဲ့လွှတ်ခြင်းတို့ဖြင့် ကုသိုလ် ယူကြလေ့ရှိသည်။

### သင်္ကြန်ပွဲတော်နှင့်အနုပညာ

သင်္ကြန်ကာလတွင် သင်္ကြန်ပုံရိပ်ကို ထင်ဟပ် စေသော သီချင်းများ ဖွဲ့နွဲ့သီဆိုလေ့ရှိသလို သင်္ကြန် ကာလကို အခြေပြုသည့် ရုပ်ရှင်များလည်း ရိုက်ကူး ထုတ်လွှင့်လေ့ရှိကြသည်။ ထို့ပြင် သင်္ကြန်အကနှင့် သင်္ကြန်သံချပ်များကလည်း သင်္ကြန်၏ပုံရိပ်ကို ပိုမိုပေါ်လွင်စေသည်။ "တူးပို့ တူးပို့" တီးလုံးသံကြား လျှင်ပင် မြန်မာလူမျိုးတို့၏ စိတ်တွင် သင်္ကြန်၏ အရသာကို ထိတွေ့ခံစားမိကြသည်။ သင်္ကြန်သီချင်း များထဲတွင် မြို့မငြိမ်း၏ သင်္ကြန်တေးသီချင်းများမှာ ထင်ရှားသည်။ "မြနန္ဒာ"၊ "မန်းမြို့သူဇာမေ"၊ "ရှာပုံတော်မင်းသားကြီး" စသည့်တေးသီချင်းများမှာ သင်္ကြန်ကာလတိုင်း မရိုးနိုင်အောင် ဆိုကြတီးကြ ကကြသည့်သီချင်းများဖြစ်သည်။

**❑➟ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်သည် ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးတရားဝင် ပါဝင်နိုင်ခဲ့ပြီဖြစ်သည်။ မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်မှ ၇ ရက်အထိ ကျင်းပသည့် (၁၉)ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် ဒီဇင်ဘာလ ၅ ရက်၌ တရားဝင်ဆုံးဖြတ်ခဲ့ . . .**

### သင်္ကြန်ပွဲတော်နှင့်အိမ်နီးချင်းနိုင်ငံများ

ထိုင်း၊ အိန္ဒိယ၊ လာအို၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား နိုင်ငံများနှင့်ယူနန် စသည့်ဒေသများတွင်လည်း ရေသဘင်ပွဲတော်များ ဆင်နွှဲလေ့ရှိသည်။ မြန်မာနိုင်ငံ တွင်လည်း ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေး စနစ်များကြောင့် နိုင်ငံခြားသားဧည့်သည်များ လာရောက်လည်ပတ်ကြသည့်အတွက် မြန်မာ့ ရိုးရာနှစ်သစ်ကူး သင်္ကြန်ပွဲတော်တွင် နိုင်ငံခြားသား ခရီးသွားများ ပါဝင်ဆင်နွှဲမှု များပြားလာသည်ကို တွေ့ရသည်။ ထို့ကြောင့် မိမိတို့လူမျိုး၏ ယဉ်ကျေးမှု ဓလေ့ထုံးစံကို မပျောက်ပျက်စေဘဲ သင်္ကြန်၏ အနှစ်သာရကို ပေါ်လွင်စေသည့် အကြောင်းအရာ၊ အပြင်အဆင်များဖြင့် သင်္ကြန်ပွဲတော်ကို ဆင်နွှဲကြ ခြင်းဖြင့် မြန်မာ့ရိုးရာသင်္ကြန်၏ သွင်ပြင်သဏ္ဌာန် ကို မြှင့်တင်သွားကြရမည်ဖြစ်သည်။

### ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပါဝင်

လက်ရှိတွင် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာ သင်္ကြန်ပွဲတော်သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးတရားဝင် ပါဝင်နိုင်ခဲ့ပြီဖြစ်သည်။ မြန်မာ့ ရိုးရာ နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ပါရာဂွေး နိုင်ငံ အာဆွန်စီယွန်မြို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်မှ ၇ ရက်အထိကျင်းပသည့် (၁၉)ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် ဒီဇင်ဘာလ ၅ ရက်၌ တရားဝင်ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် မြန်မာတို့၏ ရိုးရာအတာသင်္ကြန်တွင် ယဉ်ကျေးမှုနှင့် သွေးဖည်သည့် အပြုအမူ၊ အပြောအဆိုများနှင့် သရုပ်ပျက်ဝတ်စားဆင်ယင်မှုများကို ရှောင်ရှား၍ မြန်မာ့ရိုးရာ ယဉ်ကျေးမှုသင်္ကြန်မှ ရရှိလာသော လန်းဆန်းမှုများ၊ စိတ်ဓာတ်ခွန်အားများဖြင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ တိုင်းသူ ပြည်သားများ၏ လူမှုစီးပွားဘဝများ သာယာဝ ပြောရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ခေတ်ကာလ၏ အပြောင်းအလဲများနောက်တွင်အကောင်းနှင့်အဆိုးက ဒွန်တွဲလိုက်ပါလာကြမည်သာဖြစ်သည်။ ကောင်းမွန် သည့်အကျင့်စရိုက်များကို ထိန်းသိမ်းပြီး မကောင်း သည့်အကျင့်စရိုက်ဆိုးများကို ဖယ်ရှားနိုင်မှသာ တိုးတက်သည့် လူမှုဝန်းကျင်ကောင်းတစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ခေတ်နှင့်မလျော် ညီသော အတွေးအခေါ်၊ အယူအဆများကို လိုအပ် လျှင် စွန့်ပစ်ရမည်ဖြစ်သလို မိမိတို့လူမှုအသိုင်းအဝိုင်း အတွက် မရှိမဖြစ်လိုအပ်သော အတွေးအခေါ်နှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သည်။ မြန်မာ လူမျိုးတို့၏ စိတ်စေတနာအလှတရားကို အခြေခံကာ မြန်မာ့နှစ်သစ်ကူးပွဲတော်ကို အဓိပ္ပာယ်ပြည့်ဝစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ။

# ၂၀၂၆ ခုနှစ် ဧပြီလ ၇ ရက်တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေးလေ့လာ ဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါတိုင်းတာမှတ် သုံးနေရာတွင် Ambient Air Quality Monitoring Station with Mobile Car- (AQMS Mobile Car)၊ Compact Air Quality Monitoring Station- (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 (PM 2.5)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter ခြောက်မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**




# တာချီလိတ်မြို့နယ်၊ ပန်ကူကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသား (၅၇) ဦးအား ထပ်မံဖမ်းဆီးရမိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများအား ထပ်မံဖမ်းဆီးရမိသည့် နေရာပြပုံ




**နေပြည်တော် ဧပြီ ၈**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။





ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ ပန်ကူကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများအား ထပ်မံဖမ်းဆီးရမိမှုကို တွေ့ရစဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ဧပြီလ ၇ ရက် မွန်းလွဲ ၁ နာရီ ၃၀ မိနစ်ခန့်တွင် တာချီလိတ်မြို့နယ် ၊ ပန်ကူကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသား ၁၂၆ ဦးတို့ကို အွန်လိုင်းလိမ်လည် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့်သတင်းအား ထုတ်ပြန်ပြီးဖြစ်သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်ရာ ယနေ့ နံနက် ၇ နာရီ ၄၀ မိနစ်ခန့်တွင် အဆိုပါ ပန်ကူကျေးရွာ၏အရှေ့တောင်ဘက် မီတာ ၅၂၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်ရာတွင်ပါဝင်ခဲ့သည့်တရုတ်နိုင်ငံသားအမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၂ ဦးနှင့် လာအိုနိုင်ငံသူအမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၂၀ ဦးတို့ကိုလည်းကောင်း၊ ပန်ကူကျေးရွာ၏အနောက်တောင်ဘက် မီတာ ၂၇၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကျူးလွန်ရာတွင်ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၇ ဦးအားလည်းကောင်း၊ ပန်ကူကျေးရွာ၏အရှေ့တောင်ဘက် မီတာ၁၅၀၀ခန့်အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်ရာတွင်ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၉ ဦးအားလည်းကောင်း၊ ပန်ကူကျေးရွာ၏အနောက်တောင်ဘက် မီတာ ၄၅၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကျူးလွန်ရာတွင်ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၁၂ ဦးအားလည်းကောင်း၊ ပန်ကူကျေးရွာ၏အရှေ့တောင်ဘက်မီတာ ၃၈၀၀ ခန့်အကွာသို့အရောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ ကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် တရုတ်နိုင်ငံသား အမျိုးသား ၉ ဦးအားလည်းကောင်း၊ စုစုပေါင်း တရားမဝင်ပြည်ပနိုင်ငံသား အမျိုးသား ၅၄ ဦးနှင့် အမျိုးသမီး ၃ ဦးတို့ကို အသီးသီးထပ်မံဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီစစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin


ကြံတောင်သူစိုက်ပျိုးသူ၊ ပြည်တွင်းသကြား၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး
ရွှေဖီဦး
Black Tea
Lemon Tea
Tea mix
Plus
Vitamin C
ASEAN-OSHNET AWARD
Best Practices Award
FDA အမှတ်
စ၄/ ၁၄၀၉၁/ထလ
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


သွားဆရာဝန်များ၏
ထောက်ခံချက်ရရှိထားပါသည်။
Dentist Recommended
ကာဝရလှပသော အပြုံးအတွက်
DENTOMEC
FDA အမှတ်-2212 PCE 0013
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၆၉၅၀၉၆၉၄၃၊ ၀၉ ၇၉၀၉၀၃၄၃၁
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
MAXIMUM STRENGTH WITH FLUORIDE
DENTOMEC
TOOTHPASTE FOR SENSITIVE TEETH & CAVITY PRESERVATION
RELIEVES PAINFUL SENSITIVITY

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် မြန်မာပြည်သူ၊ ပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း(ဗဟို)

**ပျောက်ဆုံးကြောင်း**
မေမိုးသူ(ဘ)ဦးတင့်ဆွေ ၁၂/ဥကမ(နိုင်)၁၆၆၂၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
လေးမြင့်(ဘ)ဦးမျိုးလွင် ၁၂/မဂဒ(နိုင်)၀၉၆၂၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၃၄၄၄၀၉

**ပျောက်ဆုံးကြောင်း**
အောင်မျိုးလှိုင်(ဘ)ဦးဝင်းသိန်း ၉/ရမသ(နိုင်)၂၅၃၄၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၆၁၀၁၄၅၄

**ပျောက်ဆုံးကြောင်း**
ရီရီနိုင်(ဘ)ဦးဝင်းလှိုင် ၈/မဘန(နိုင်)၁၆၄၀၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အိမ့်ချစ်ကေခိုင်(ဘ)ဦးကြူလင်း ၁၂/ဒဂရ(နိုင်)၀၄၄၈၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သီတာမြင့်(ဘ)ဦးသန်းမြင့် ၆/သရခ(နိုင်)၁၂၀၀၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 337734)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၄၁၈၄၄၂၃

**ပျောက်ဆုံးကြောင်း**
နှင်းယုဝေ(ဘ)ဦးအောင်မြင့် ၇/ဝမန(နိုင်)၂၁၉၉၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၈၀၆၃၇၇၂

**ပျောက်ဆုံးကြောင်း**
စောထူးလှိုင်(ဘ)ဦးငွေလှိုင် ၁၂/သခန(နိုင်)၁၁၀၁၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အိသန္တာ(ဘ)ဦးနိုင်ဦး ၁၂/သခန(နိုင်)၁၅၇၂၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂


## အမေရိကန်နှင့်အီရန်နိုင်ငံတို့ကြား အပစ်အခတ်ရပ်စဲရေးရရှိစေရန် တူကီယဲထောက်လှမ်းရေးအေဂျင်စီက အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့ဟုဆို

**အန်ကာရာ၊ သံတမန်ရေး**

အမေရိကန်နှင့်အီရန်နိုင်ငံတို့ကြား နှစ်ပတ်ကြာအပစ်အခတ်ရပ်စဲရေးရရှိစေရန်အတွက် သံတမန်ရေးရာကြိုးပမ်းမှုများတွင် တူကီယဲထောက်လှမ်းရေးအေဂျင်စီက အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း တူကီယဲသတင်းမီဒီယာများ၏ ဧပြီလ ၈ ရက် ဖော်ပြချက်အရသိရသည်။




တူကီယဲအမျိုးသားထောက်လှမ်းရေးအေဂျင်စီသည် အနောက်နိုင်ငံများနှင့် အိမ်နီးချင်းအီရန်နိုင်ငံတို့ နှစ်ဖက်စလုံးနှင့် တိုက်ရိုက်ဆက်သွယ်မှုရှိသည့် အနည်းငယ်သောအဖွဲ့အစည်းများအနက်မှအဖွဲ့အစည်းတစ်ခုဖြစ်သည်။

ပါကစ္စတန်နိုင်ငံက ကြားဝင်စေ့စပ်ပေးခဲ့သည့် အဆိုပါအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို အမေရိကန်ပြည်ထောင်စုက ဧပြီလ ၇ ရက် ညပိုင်းတွင် သဘောတူညီခဲ့ခြင်းဖြစ်သည်။ အမေရိကန်နှင့်အီရန်တို့အကြား ဖြစ်ပွားသည့် ပဋိပက္ခသည် အရှေ့အလယ်ပိုင်းဒေသအနှံ့ ပျံ့နှံ့သွားခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ထောက်ပံ့မှုများကို ထိခိုက်စေခဲ့သည်။

ထို့ကြောင့် တူကီယဲထောက်လှမ်းရေးအေဂျင်စီအနေဖြင့် ပင်လယ်လမ်းကြောင်းဆက်သွယ်ရေးလမ်းကြောင်းများ ပွင့်လာစေရန်၊ နားလည်မှုလွဲမှားခြင်းများကို တားဆီးရန်၊ တင်းမာမှုများလျော့ကျစေရန်ရည်ရွယ်သည့် သတင်းစကားများဖြန့်ဝေပေးရန်၊ ပိုမိုပြင်းထန်သောပဋိပက္ခများမဖြစ်ပွားစေရန်အတွက် အခြားထောက်လှမ်းရေးအဖွဲ့အစည်းအများအပြားနှင့် ပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းခဲ့ကြောင်း ဖော်ပြထားသည်။

Ref: ST

## အမေရိကန်နှင့် အပစ်အခတ်ရပ်စဲရန် သဘောတူညီထားမှုအပေါ် သတိမူလျက်ရှိသော်လည်း ယင်းနိုင်ငံ၏ရည်ရွယ်ချက်ကို အကဲဖြတ်မည်ဟု အီရန်ပြော

**တီဟီရန်၊ နိုင်ငံရေး**

အီရန်နိုင်ငံသည် အမေရိကန်နှင့် အပစ်အခတ်ရပ်စဲထားရန် သဘောတူညီထားမှုအပေါ် သတိမူလျက်ရှိသော်လည်း ယင်းနိုင်ငံ၏ရည်ရွယ်ချက်ကို အကဲဖြတ်ရန်အတွက် အမေရိကန်နှင့်ဆွေးနွေးမှုများတွင် ပါဝင်သွားမည်ဖြစ်ကြောင်း ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ အီရန်အမြဲတမ်းကိုယ်စားလှယ် အလီဘာရိုင်နီက ဧပြီလ ၈ ရက်တွင် ပြောကြားထားသည်။

အီရန်အနေဖြင့် တစ်ဖက်နိုင်ငံအပေါ် လုံးဝယုံကြည်မှုမရှိကြောင်း၊ ထို့ကြောင့် မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့များကလည်း အသင့်အနေအထားရှိနေကြောင်း၊ သို့သော် လက်ရှိအခြေအနေတွင် တစ်ဖက်နိုင်ငံ သို့မဟုတ် အမေရိကန်ပြည်ထောင်စု၏ ရည်ရွယ်ချက်မည်မျှအထိလေးနက်မှုရှိသည်ကို နားလည်နိုင်ရန် ဆွေးနွေးမှုများကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဘာရိုင်နီက အမေရိကန်သတင်းဌာနတစ်ခုအား ပြောကြားသည်။

အီရန်နိုင်ငံသည် အမေရိကန်နှင့် အပစ်အခတ်ရပ်စဲရေးအတွက် ၎င်းတို့က အဆိုပြုထားသည့် အချက် ၁၀ ချက်ပါအဆိုပြုချက်တစ်ရပ်ကို အမေရိကန်အစိုးရထံ ပေးအပ်ထားပြီးဖြစ်သည်။

အမေရိကန်နှင့်အီရန်တို့ကြား နှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးဖြစ်ပေါ်ခြင်းနှင့် အီရန်နိုင်ငံမှအဆိုပြုထားသော အချက် ၁၀ ချက်ပါ ငြိမ်းချမ်းရေးအစီအစဉ်အပေါ် အခြေခံ၍ ဆွေးနွေးမှုများစတင်ခြင်းသည် အီရန်နိုင်ငံအတွက် အောင်ပွဲတစ်ခုဖြစ်သည်ဟုယူဆကြောင်း အမေရိကန်ပညာရှင်တစ်ဦးဖြစ်သူ မာလက်ဒူဒါကော့ကဖော်ပြထားကြောင်း သိရသည်။

Ref: Iv

## အီရန်က ယူရေနီယံသတ္တုများကို ဆန္ဒအရလွှဲပြောင်းပေးအပ်ခြင်းမရှိပါက အင်အားသုံး၍ရယူသွားရဖွယ်ရှိဟု ဟက်ဆက်ပြော

**ဝါရှင်တန်၊ နိုင်ငံရေး**

အီရန်နိုင်ငံအနေဖြင့် ၎င်းတို့၏ ယူရေနီယံသတ္တုများကို ၎င်းတို့သဘောဆန္ဒအရ လွှဲပြောင်းပေးအပ်ခြင်းမရှိပါက အင်အားသုံး၍ ရယူသွားရဖွယ်ရှိသည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး ပိဟက်ဆက်က ဧပြီလ ၈ ရက်တွင် လုပ်ဆောင်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အမေရိကန်အစိုးရအနေဖြင့် အီရန်နိုင်ငံရှိ အရန်ထားရှိသော ယူရေနီယံသတ္တု ၄၄၀ ကီလိုကိုရယူနိုင်ရန်အတွက် အထူးတပ်ဖွဲ့ဝင်များကို အီရန်သို့စေလွှတ်ရန် စဉ်းစားထားကြောင်း၊ အကြောင်းမှာ အဆိုပါပမာဏရှိယူရေနီယံသတ္တုများသည် နျူကလီးယားလက်နက်များ ထုတ်လုပ်ရန် လုံလောက်မှုရှိသောကြောင့်ဖြစ်ကြောင်း ဟက်ဆက်က ဆက်လက်ပြောသည်။

ထို့ကြောင့် အီရန်အနေဖြင့် အဆိုပါယူရေနီယံသတ္တုများကို လွှဲပြောင်းပေးအပ်ခြင်းမရှိပါက အမေရိကန်အနေဖြင့် တတ်စွမ်းနိုင်သည့်နည်းလမ်းများကို အသုံးပြုလုပ်ဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ထို့ပြင် အမေရိကန်အစိုးရအနေဖြင့် အီရန်က ၎င်းတို့၏ ယူရေနီယံသတ္တုများကို သန့်စင်နေခြင်းအားရပ်တန့်၍ နျူကလီးယားလက်နက်ထုတ်လုပ်နိုင်သည့်ပစ္စည်းကိရိယာအားလုံးကိုဖယ်ရှားပစ်ရန် အမေရိကန်က အီရန်အား တောင်းဆိုသွားမည်ဟု Times of Israel သတင်းဌာနက ဧပြီလ ၈ ရက်တွင် ဖော်ပြထားကြောင်းသိရသည်။

Ref: Iv



# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်ကရွေးချယ်တင်မြှောက်ခဲ့ခြင်းအပေါ် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ဂုဏ်ယူဝမ်းမြောက်ကြိုဆိုပါကြောင်းနှင့် မြန်မာပြည်သူ ပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတာဝန်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာစွာဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ထိန်းသိမ်းထားရှိသော အောက်ဖော်ပြပါတွန်းသင်္ဘော(၃)စင်းအား တစ်စင်းချင်းစီ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချသွားမည်ဖြစ်ပါသည်-

(က) Tug Cathay – 3 (သံခွံ)
- (၁) IMO နံပါတ် - ၉၄၄၇၅၀၀
- (၂) မှတ်ပုံတင်အလေးချိန် - ၁၅၃ တန်
- (၃) သင်္ဘောအလျား - ၂၁.၉၆ မီတာ
- (၄) သင်္ဘောအကျယ် - ၇.၃၂ မီတာ
- (၅) ရေစူး - ၃.၂၀ မီတာ

( ခ ) Tug Cathay – 7 (သံခွံ)
- (၁) IMO နံပါတ် - ၉၄၈၉၁၃၂
- (၂) မှတ်ပုံတင်အလေးချိန် - ၁၄၄ တန်
- (၃) သင်္ဘောအလျား - ၂၁.၉၆ မီတာ
- (၄) သင်္ဘောအကျယ် - ၇.၃၂ မီတာ
- (၅) ရေစူး - ၃.၂၀ မီတာ

( ဂ ) Tug Cathay – 21 (သံခွံ)
- (၁) IMO နံပါတ် - ၉၃၁၁၉၃၃
- (၂) မှတ်ပုံတင်အလေးချိန် - ၁၂၂ တန်
- (၃) သင်္ဘောအလျား - ၂၁.၈၁ မီတာ
- (၄) သင်္ဘောအကျယ် - ၇.၀၀ မီတာ
- (၅) ရေစူး - ၂.၉၀ မီတာ

၂။ တင်ဒါလျှောက်လွှာများအားစိစစ်ရာတွင် နိုင်ငံတော်သမ္မတရုံးညွှန်ကြားချက်(၁/၂၀၁၇)အပိုဒ် ၂၃/၂၄ နှင့်အညီ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါရေယာဉ်(၃)စင်းအား ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ဆိပ်ကမ်းနယ်နိမိတ်အတွင်း ထိန်းသိမ်းထားရှိပြီးဖြစ်၍ ပြည်တွင်း/ပြည်ပကုမ္ပဏီများအနေဖြင့် ရေယာဉ်အား ကိုယ်တိုင်ကြည့်ရှုလေ့လာပြီးနောက် စိတ်ပါဝင်စားမှုရှိပါက တင်ဒါတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ (နိုင်ငံခြားကုမ္ပဏီများပါဝင်ယှဉ်ပြိုင်မည်ဆိုပါက သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၏ endorsement ပါရှိရပါမည်။)

၄။ လျှောက်လွှာများအား အောက်ပါအတိုင်း ဝယ်ယူနိုင်ပါသည်
- (က) တင်ဒါလျှောက်လွှာများဝယ်ယူရမည့်နေရာ - ဗဟိုပစ္စည်းထိန်းဌာန၊ ဗိုလ်တထောင်
- ( ခ ) တင်ဒါလျှောက်လွှာများရောင်းချမည့်ရက် - ၈-၄-၂၀၂၆ မှ ၅-၅-၂၀၂၆ ထိ(ရုံးချိန်)
- ( ဂ ) တင်ဒါလျှောက်လွှာများတင်သွင်းရမည့်နေရာ - မြန်မာ့ဆိပ်ကမ်းအာဏာပိုင်(ရုံးချုပ်)
- (ဃ) တင်ဒါလျှောက်လွှာများတင်သွင်းရမည့်ရက်/အချိန် - ၇-၅-၂၀၂၆ (၁၃၀၀)နာရီ
- ( င ) တင်ဒါပဏာမဖွင့်ဖောက်စိစစ်လက်ခံမည့်အချိန် - ၇-၅-၂၀၂၆ (၁၄၀၀)နာရီ

၅။ ဤတင်ဒါသည် ၁၉၀၈ ဆိပ်ကမ်းများအက်ဥပဒေပုဒ်မ ၁၁ နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ ၂၀၁၅ ပုဒ်မ ၆၆(ခ)တို့အရ လေလံတင်ထုခွဲရောင်းချခြင်းဖြစ်သဖြင့် အဆိုပါ ဥပဒေပြဋ္ဌာန်းချက်တစ်ခုခုအရ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် တင်ဒါတစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း ဖျက်သိမ်းခွင့်ရှိပြီး ထိုသို့ဖျက်သိမ်းခြင်းအား ပြန်လည်၍ အသိပေး ကြေညာသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိလိုပါက အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်မေးမြန်းနိုင်ပါသည်-
- (က) ရေကြောင်းဌာန - 018246380, 018387117 လိုင်းခွဲ(211)
- ( ခ ) ဗဟိုပစ္စည်းထိန်းဌာန - 081610230

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

### ပျောက်ဆုံးကြောင်း
မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ ရေပူစမ်းလမ်းနေ စိုးစိုးထက်(ဘ)ဦးလှကြူ ၁၀/ခဆန(နိုင်)၁၁၁၉၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 964540)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၄၇၁၁၆၇၉

### ပျောက်ဆုံးကြောင်း
မြောက်ဥက္ကလာပမြို့နယ်၊ ဥဇ္ဇနာ(၄)လမ်းနေ အောင်ဖြိုးပိုင်(ဘ)ဦးအောင်သန်းလှိုင် ၁၂/ဥကမ(နိုင်)၂၄၉၄၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အလှပ်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာ၊ မိန်းလမ်းနေ ထွန်းလှိုင်(ဘ)ကန်းမာရာ(ခ)ရာမရား ၁၀/ပမန(နိုင်)၀၉၃၅၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၁၄၆၁၅၈၀

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ ကျွန်း/သစ်မာ(သစ်လုံး/ခွဲသား)များကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-

(က) **ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန**
ကျွန်းသစ်လုံး(ရန်ကုန်) (၃၅၀)တန်ခန့်၊ သစ်မာသစ်လုံး**(နယ်)** (၁၂၅၀)တန်ခန့်နှင့် ကျွန်းခွဲသား(၇၀)တန်ခန့်

( ခ ) **သစ်အခြေခံစက်မှုလုပ်ငန်းဌာန**
ကျွန်းခွဲသား(၂၇၀)တန်ခန့်

( ဂ ) ရောင်းချမည့်ရက်နှင့်အချိန် - (၅-၅-၂၀၂၆)၊ နံနက်(၉:၀၀)နာရီ

(ဃ) ရောင်းချမည့်နေရာ - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ (တင်ဒါကျင်းပမည့်ရက် ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။)

၂။ MSMEs လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သောကုန်ကြမ်းများအား ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် **website** ဖြစ်သော **www.mte.gov.mm** တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဆက်သွယ်ရန်-**Ph; 01-287430, 01-528771, 01-528764**

## HOTEL SHWE PYI THAR(MANDALAY) COMPANY LIMITED
### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေများအရ
### အစုရှယ်ယာရှင်များဆန္ဒအလျောက်
### ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ(၈)ရက် ကုမ္ပဏီရုံးခန်းတွင်ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးတွင် HOTEL SHWE PYI THAR(MANDALAY)COMPANY LIMITED အား အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၎င်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ဌေးဌေးမာ (B.Com, CPA)(မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူများအသင်းဝင်အမှတ်-00178)(လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်အမှတ်-103820)အား ခန့်အပ်ထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဒေါ်ဌေးဌေးမာထံသို့ ၂၀၂၆ ခုနှစ်၊ မေလ(၅)ရက်နောက်ဆုံးထား၍ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| U Yaw Nan | ဒေါ်ဌေးဌေးမာ |
| Director | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| HOTEL SHWE PYI THAR | (B.Com,CPA) |
| (MANDALAY) | အမှတ်(၂၅)၊ ၅ လွှာ၊ ဇလွန်လမ်း၊ စမ်းချောင်းမြို့နယ်၊ |
| COMPANY LIMITED | ရန်ကုန်မြို့။ |

### ပျောက်ဆုံးကြောင်း
စိုင်းထွန်းသောင်း(ဘ)ဦးစိုင်းလျှမ်း ၁၃/ကတန(နိုင်)၀၈၆၃၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၇၂၃၄၀၆၁

### ပျောက်ဆုံးကြောင်း
နှင်းအိဝေ(ဘ)ဦးအောင်မိုးဝင်း ၁၂/ခရန(နိုင်)၁၇၉၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 865151)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၃၂၃၅၆၁၄

### ပျောက်ဆုံးကြောင်း
ပုလဲမြို့နယ်နေ မတင့်တင့်ထွေး(ဘ)ဦးချော ၅/ပလန(နိုင်)၀၉၂၉၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 339236)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၀၂၀၅၀၆

### ပျောက်ဆုံးကြောင်း
ဦးအောင်ဇော်(ဘ)ဦးစိန်ဖေ ၁၂/ဥကမ(နိုင်)၁၇၄၈၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
မမေစု(ဘ)အဘူဇာဖေါရ် ၁၂/ဥကတ(နိုင်)၂၁၉၆၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
နန့်ထီးခလိန်(ဘ)ဦးဝင်းလှိုင် ၁၄/ကပန(နိုင်)၁၃၆၇၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ထွန်းမင်း(ဘ)ဦးစိုးလွင် ၇/ကဝန(နိုင်)၁၆၂၄၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၆၂၂၉၁၅

### ပျောက်ဆုံးကြောင်း
သန်းထိုက်လင်း(ဘ)ဦးချစ်ဦး ၁၀/ပမန(နိုင်)၁၈၈၇၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 417113)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
အိအိမွန်(ဘ)ဦးဇော်လွင်ဦး ၅/ဂဂန(နိုင်)၁၁၉၄၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
သန့်ဇင်ဦး(ဘ)ဦးအောင်သန်း ၁၂/အစန(နိုင်)၁၉၀၄၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
သန်းနွယ်အေး(ဘ)ဦးကြာထွန်း ၁၁/မဥန(နိုင်)၁၀၂၃၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 170371)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
အောင်သူဌေး(ဘ)ဦးအောင်ရဲ ၉/ရမသ(နိုင်)၁၇၁၄၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
လဲ့ရည်ဝင်း(ဘ)ဦးခင်မောင်ဆွေ ၉/အမဇ(နိုင်)၀၇၂၇၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ကောင်းထက်(ဘ)ဦးတင်မိုးမြင့် ၇/ပမန(နိုင်)၁၉၆၅၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ခံတွင်းကျန်းမာမှ လူကျန်းမာမည်

ဒေါက်တာငြိမ်းချမ်းအေး(သွားကျန်းမာ)

**"ပုံမှန်အားဖြင့် လူ့ခံတွင်းတွင် ရောဂါပိုးပေါင်း ၅၀၀ ကျော်ရှိပြီး ရောဂါဖြစ်စေသောပိုးနှင့် အကျိုးပြုပိုးမွှားများသည် ညီညွတ်မျှတစွာရှိနေသဖြင့် ရောဂါဖြစ်ပွားမှုမရှိခြင်းဖြစ်ပါသည်။ အဆိုပါမျှခြေအနေအထားပျက်ယွင်းသွားပါက သွားနှင့်ခံတွင်းကျန်းမာရေးထိခိုက်မှုရှိလာပြီး နောက်ဆက်တွဲအနေဖြင့် နှလုံးနှင့် သွေးကြောကျဉ်းရောဂါ၊ မှတ်ဉာဏ်ချို့ယွင်းအားနည်းခြင်း၊ အဆုတ်ရောဂါဝေဒနာများ၊ သွေးချိုဆီးချိုရောဂါ၊ သားပျက်သားလျှောခြင်း၊ ကလေးအသေမွေးခြင်း၊ လမစေ့ဘဲမွေးဖွားခြင်း၊ ကိုယ်အလေးချိန်မပြည့်သောကလေးများမွေးဖွားခြင်းနှင့် မွေးရာပါနှလုံးရောဂါဝေဒနာရှင်ကလေးများမွေးဖွားခြင်း၊ သန္ဓေမအောင်ခြင်း၊ ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါ၊ နာတာရှည်အဆစ်ရောင်ရောဂါဖြစ်ခြင်း စသည့်ဆိုးကျိုးများကို တွေ့ကြုံခံစားရမည်ဖြစ်ပါသည် . . ."**

အာရောဂျံ ပရမံ လာဘံ ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု ဆိုရိုးရှိသည်နှင့်အညီ လောကတွင် ကျန်းမာရေးပြည့်စုံကောင်းမွန်ခြင်းသည် ဘုရားပေးသော ဆုလာဘ်တစ်ပါးဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်းရေးတို့ကိုရည်မှန်းချက်ထား၍ အဆင့်အတန်းမြင့်မားသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာကုသပေးခြင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ခြင်း၊ ဆေးသုတေသနလုပ်ငန်းများ၊ တိုင်းရင်းဆေးပညာတိုးတက်မြင့်မားစေရေးလုပ်ငန်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးလုပ်ငန်းများကို ဦးစီးဌာနခြောက်ခုဖြင့် အထူးအလေးပေးပြီး စနစ်တကျဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေးကြီးပြီး တချို့သောရောဂါများ၏ အစပြုရာနေရာဖြစ်သည့် သွားနှင့်ခံတွင်းကျန်းမာရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါသည်။ ခံတွင်းကျန်းမာမှ လူကျန်းမာမည် (No Health without Oral Health) ဟူသော ဆောင်ပုဒ်နှင့်အညီ သွားနှင့်ခံတွင်းရောဂါများဖြစ်သည့် သွားပိုးစားရောဂါ၊ သွားဖုံးရောဂါနှင့် ခံတွင်းကင်ဆာရောဂါများသည် အထွေထွေရောဂါများဖြစ်သည့် နှလုံးနှင့် သွေးကြောရောဂါ၊ ဆီးချိုသွေးချိုရောဂါနှင့် ကင်ဆာရောဂါများကဲ့သို့ပင် ဆေးနှင့်ဆေးရွက်ကြီး၊ အရက်၊ သကြားနှင့် အာဟာရတန်ဖိုးနည်းပါးသည့် အစားအစာများကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါသည်။ ပုံမှန်အားဖြင့် လူ့ခံတွင်းတွင် ရောဂါပိုးပေါင်း ၅၀၀ ကျော်ရှိပြီး ရောဂါဖြစ်စေသောပိုးနှင့် အကျိုးပြုပိုးမွှားများသည် ညီညွတ်မျှတစွာရှိနေသဖြင့် ရောဂါဖြစ်ပွားမှုမရှိခြင်းဖြစ်ပါသည်။ အဆိုပါမျှခြေအနေအထားပျက်ယွင်းသွားပါက သွားနှင့်ခံတွင်းကျန်းမာရေးထိခိုက်မှုရှိလာပြီး နောက်ဆက်တွဲအနေဖြင့် နှလုံးနှင့်သွေးကြောကျဉ်းရောဂါ၊ မှတ်ဉာဏ်ချို့ယွင်းအားနည်းခြင်း၊ အဆုတ်ရောဂါဝေဒနာများ၊ သွေးချိုဆီးချိုရောဂါ၊ သားပျက်သားလျှောခြင်း၊ ကလေးအသေမွေးခြင်း၊ လမစေ့ဘဲမွေးဖွားခြင်း၊ ကိုယ်အလေးချိန်မပြည့်သော ကလေးများမွေးဖွားခြင်းနှင့် မွေးရာပါနှလုံးရောဂါဝေဒနာရှင်ကလေးများမွေးဖွားခြင်း၊ သန္ဓေမအောင်ခြင်း၊ ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါ၊ နာတာရှည်အဆစ်ရောင်ရောဂါဖြစ်ခြင်း စသည့်ဆိုးကျိုးများကို တွေ့ကြုံခံစားရမည်ဖြစ်ပါသည်။

သွားနှင့်ခံတွင်းကျန်းမာရေးတွင် သွားဖုံးရောင်ရမ်းခြင်း၊ သွားဖုံးမှသွေးထွက်ခြင်းဖြစ်ပွားရာ၌ ခံတွင်းထဲတွင်ရှိသောရောဂါပိုးများသည် သွားဖုံးရှိ ပေါက်ပြဲသွားသောသွေးကြောများအတွင်းသို့ ဝင်ရောက်ပြီး သွေးကြောနံရံများကို ရောင်ရမ်းပျက်စီးစေပါသည်။ အဆိုပါ ပျက်စီးနေသောသွေးကြောနံရံများကို ခန္ဓာကိုယ်၏ ကိုယ်ခံစွမ်းအားစနစ်မှ တုံ့ပြန်ပြုပြင်မွမ်းမံရာမှ ကျန်းမာရေးကိုထိခိုက်စေနိုင်သော အခြေအနေဖြစ်သည့် သွေးကြောနံရံများ ထူထဲမာကျောလာလေ့ရှိပါသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးအတွက်အရေးကြီးသော သွားနှင့်ခံတွင်းကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေများ တိုးမြှင့်ကျခံသုံးစွဲကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်ခဲ့ပါသည်။

ယခင်က သွားနှင့်ခံတွင်းကျန်းမာရေးကိစ္စရပ်များအတွက် ပြည်သူ့ဆေးရုံများတွင် ပြင်ပလူနာအနေဖြင့်သာ ဝန်ဆောင်မှုပေးနေရာမှ နေပြည်တော်တွင် ပထမဆုံး သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီးအဖြစ် သွားဘက်ဆိုင်ရာရောဂါကုသမှုများကို One Stop Service အနေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ၂၀၂၃ ခုနှစ်တွင် ရန်ကုန်သွားနှင့်ခံတွင်းအထူးကုဆေးရုံ (သာကေတ)၊ ၂၀၂၄ ခုနှစ်တွင် မန္တလေးသွားနှင့်ခံတွင်းအထူးကုဆေးရုံ(ကန်တော်နဒီ)နှင့် ရန်ကုန်တက္ကသိုလ်များဆေးရုံများ၌ သွားနှင့်ခံတွင်းအထူးကုဌာနများ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီး သွားနှင့်ခံတွင်းလူနာများကို အရည်အသွေးမြင့်မားသည့် ကျန်းမာရေးစောင့်ရှောက်မှုများအား ဝန်ဆောင်မှုကောင်းကောင်းဖြင့် ပေးအပ်နိုင်ခဲ့သည့်အတွက် ပြည်သူများစိတ်အေးချမ်းသာစွာ ကုသမှုခံယူနိုင်ပြီဖြစ်ပါသည်။ အဆိုပါသွားဆေးရုံများ၌ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါသည်။ ထို့ပြင် ရန်ကုန်မြို့ရှိ မင်္ဂလာဒုံကူးစက်ဆေးရုံကိုလည်း ရန်ကုန်သွားနှင့်ခံတွင်းအထူးကုဆေးရုံ (မင်္ဂလာဒုံ) အဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ မကြာမီအချိန်အတွင်းမှာပင် ပြည်သူများကို သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) ရရှိနိုင်ရေးအတွက် ဆေးရုံများ၌ လူနာများ ဆေးကုသစရိတ်လျှော့နည်းသက်သာစေရန် ကုသမှုတိုင်းကို အခမဲ့နီးပါး ဆောင်ရွက်ပေးနေသည့်အပြင် လူနာများအနေဖြင့် စရိတ်ကုန်ကျမှုမရှိစေရန် ဝေးလံခက်ခဲသည့်ဒေသများအထိ နယ်လှည့်ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းများ (သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပါအဝင်) ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်သူများအား သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုတိုးတက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်သူများအတွင်း ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ပြည်သူ့ဆေးရုံများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များမှ သွားဆရာဝန်များသည် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါနှင့်အတူ ၂၀၂၁ ခုနှစ်က ဖြစ်ပေါ်ခဲ့သောအခြေအနေများကြောင့် သွားကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များလျော့နည်းခဲ့ရာ အဆိုပါလိုအပ်ချက်များကို အမြန်ဆုံးကုစားဖြည့်တင်းပေးနိုင်ရေးအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များမှ အရည်အချင်းပြည့်ဝသည့် သွားဘက်ဆိုင်ရာဆရာဝန်များ၊ သွားကျန်းမာရေးစောင့်ရှောက်သူ သူနာပြုဆရာမများ၊ သွားတုကျွမ်းကျင်သူများကို မွေးထုတ်ပေးနေသကဲ့သို့ ကုသရေးဦးစီးဌာနမှလည်း သွားကျန်းမာရေးအကူသူနာပြုများ၊ လက်ထောက်သွားတုကျွမ်းကျင်သူများကို ဆေးရုံလုပ်ငန်းအခြေပြုသင်တန်းများဖွင့်လှစ်မွေးထုတ်ကာ ကျန်းမာရေးဝန်ဆောင်မှုများကို အပြည့်အဝပေးနိုင်ရေးအတွက် အလုပ်များခန့်အပ်တာဝန်ပေးခဲ့ခြင်းကြောင့် လက်ရှိတွင် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုမှာ ယခင်ထက်သာလွန်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

၂၀၂၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ပံ့ပိုးမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဦးဆောင်ကျင်းပခဲ့သော သွားဘက်ဆိုင်ရာဆေးပညာညီလာခံတွင် အကြံပြုတင်ပြဆွေးနွေးခဲ့သည့် Digital Dentistry ကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ချက်ချင်းလက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး သွားကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို နိုင်ငံတကာအဆင့်အတန်းမီစွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ခေတ်မီသွားတုပြုလုပ်ခြင်းဆိုင်ရာနည်းစနစ် (Digital Dentistry Lab) များအဖြစ် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ သွားနှင့်ခံတွင်းဆိုင်ရာ အထူးကုဆေးရုံများတွင် တည်ထောင်ဖွင့်လှစ်ထားပြီး တစ်နိုင်ငံလုံးသို့ ဝန်ဆောင်မှုဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိ အဆိုပါဆေးရုံများတွင် အငြိမ်းစားဝန်ထမ်းများနှင့် သက်ကြီးဘိုးဘွားများ အာဟာရပြည့်ဝစွာ စားသောက်နိုင်ရေးအတွက် သွားတုများကို အခမဲ့တပ်ဆင်ပေးလျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်ပံ့ပိုးမှုဖြင့် သွားတုတပ်ဆင်ခြင်း အခမဲ့ဝန်ဆောင်မှုကို မြန်မာနိုင်ငံ၌ ၂၀၂၃ ခုနှစ်မှစ၍ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

သွားကျန်းမာရေးကြောင့်ဖြစ်ပေါ်တတ်သော ကိုယ်ဝန်ဆောင်များ၏ဆိုးကျိုးများကို လျော့နည်းကျဆင်းစေရေးအတွက်လည်း ကိုယ်ဝန်ဆောင်မိခင်များနှင့် မီးဖွားပြီးကလေးမိခင်များ၏ ခံတွင်းသန့်ရှင်းကျန်းမာရေးကောင်းမွန်စေရန်အတွက်လည်း ပြည်သူ့ဆေးရုံများရှိ သွားဆေးခန်းများတွင် မဖြစ်မနေဆောင်ရွက်ပေးရန် လုပ်ငန်းလမ်းညွှန်အဖြစ် ချမှတ်ပေးထားပြီးဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းရှိ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအားလည်း ဆေးရုံကြီးများတွင် အခမဲ့ခွဲစိတ်ကုသပေးခြင်း၊ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးငယ်များ မူလတန်းကျောင်းမတက်မီ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲခြင်းကို ခွဲစိတ်ပြုပြင်ပေးခြင်းနှင့် ထိုကလေးငယ်နှင့်မိသားစုများ၏ လူမှုရေးအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

အချုပ်အားဖြင့်ဆိုရသော် ကျန်းမာရေးဝန်ကြီးဌာနသည် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကဏ္ဍစုံတွင် အချိုးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးလျက်ရှိရာ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုတွင် ယခုထက်ပိုမိုတိုးတက်ကောင်းမွန်သောဝန်ဆောင်ကုသမှုများ ပေးအပ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဖြည့်ဆည်းမှု၊ ပြည်သူတစ်ရပ်လုံး၏ပူးပေါင်းကူညီမှုများဖြင့် လူတိုင်းရောဂါဘယကင်းရှင်းပြီး သက်တမ်းစေ့နေနိုင်အောင် အစဉ်ကြိုးစား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

---

## ကျောက်တလုံးကြီးမြို့၌ လူငယ်ဘင်ခရာအခြေခံသင်တန်းဆင်းပွဲကျင်းပ

ကျောက်တလုံးကြီး ဧပြီ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့၌ လူငယ်ဘင်ခရာအခြေခံသင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီလ ၈ ရက်တွင် အခြေခံပညာအထက်တန်းကျောင်း(ကျောက်တလုံးကြီး)၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်တလုံးကြီးမြို့မိမြို့ဖဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က အဖွင့်အမှာစကားပြောကြားပြီး အခြေခံပညာအထက်တန်းကျောင်း(ကျောက်တလုံးကြီး) လူငယ်ဘင်ခရာအဖွဲ့က သရုပ်ပြဖျော်ဖြေကြသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းကော်မတီဝင်များနှင့် သင်တန်းနည်းပြဆရာများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် မြို့မိမြို့ဖဥက္ကဋ္ဌက သင်တန်းနည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးလွင်က ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ လူငယ်ဘင်ခရာအခြေခံသင်တန်းကို မတ်လ ၄ ရက်မှ ဧပြီလ ၈ ရက်အထိ ဖွင့်လှစ်သင်ကြားပြီး သင်တန်းသား၊ သင်တန်းသူ ၅၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဇော်နိုင်လင်း**

❖ နည်းပညာခေတ်ဖြစ်သည့် ယနေ့မျက်မှောက်ကာလတွင် အာကာသနှင့်ဂြိုဟ်တုနည်းပညာများသည် အချိန်နှင့်အမျှ တစ်ဟုန်ထိုးတိုးတက်လျက်ရှိပြီး လူသားမျိုးနွယ်၏အကျိုးကို ဖော်ဆောင်ပေးနိုင်မည့် အာကာသသုတေသနလုပ်ငန်းများကို အပြိုင်အဆိုင်ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရ . . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင်ပြုလုပ်သော အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရွေးကောက်တင်မြှောက်ခြင်းခံရသောသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အနုထင် ချာဝီရာကွန်ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

စာ - ၅ သို့

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဧပြီ ၈

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၊ တောင်ညိုမြို့ရှိ အမှတ်(၂) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ချီးမြှင့်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်သည့် အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်သို့ရောက်ရှိကြရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် မြဝတီရုပ်မြင်သံကြားမှဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ စာမျက်နှာ ၁၁ ကော်လံ ၁ ➢



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့်ပြခန်းများနှင့် လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံပြခန်းတို့အား လှည့်လည်ကြည့်ရှုစဉ်။

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

စာ - ၈ သို့

## တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

စာ - ၉ သို့

### ဆောင်းပါး

## ခေတ်ကာလအရွေ့နှင့်အညီ ထိန်းသိမ်းရမည့် မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်ပွဲတော်

စာ - ၂၆ သို့

## ၂၀၂၆ ခုနှစ် ဧပြီလ ၇ ရက်တွင် ရန်ကုန်မြို့၏ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

စာ - ၂၇ သို့

## တာချီလိတ်မြို့နယ်၊ ပန်ကူကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသား (၅၇)ဦးအား ထပ်မံဖမ်းဆီးရမိ

စာ - ၂၇ သို့


